# (The Legend of Heaven)

# တစ်ခါတုန်းက ကောင်းကင်နန်းတော်မှာ




## ခိုညို

# အခန်း-၁

ကမ္ဘာလောကကြီးမှာ သက်ရှိ မျိုးနွယ်စုတွေ များ စွာ ရှိကြတယ်။ နတ်တွေကိုတောင်မှ သက်ရှိအဖြစ် သတ်မှတ်ကြတဲ့ ကာလဖြစ်လို့ နတ်တွေဟာလည်း သက်ရှိ အနွယ်ဝင်တွေပဲ ဖြစ်တယ်။ ထူးဆန်းတာက ရိုးရိုး သက်ရှိတွေဟာ စွမ်းအားတွေ မထုတ်သုံးနိုင်ပဲနဲ့ နတ်တွေက ကျ တော့ ခြားနားတဲ့ စွမ်းအင်တွေကို ပိုင်ဆိုင်ထားကြတယ်။ မျိုးနွယ်စုတွေ အမျိုးမျိုး ရှိပြီး အတူတူနေကြတဲ့ ကာလပေမဲ့ နတ်တွေဟာ အတူတူ မ နေကြပဲ သီးသန့်ပဲ နေထိုင်ကြတယ်။

နတ်မျိုးနွယ်တွေ သီးသန့် ခေါ်ဝေါ်တာ မရှိပေမဲ့ အင်အားကြီးသူက သာစမြ ဆိုတဲ့ လောကရဲ့ ဓမ္မတာက အဲ့ကတည်းက ရှိခဲ့တာလို့ ဆိုရ မယ်။ နတ်မှာ လည်း ကွာခြားတဲ့ သတ်မှတ်ချက်တွေ သိပ်မရှိသေးဘူး။ စွမ်းအားပိုကြီးရင် အဲဒါ သူ့အပိုင်နယ်မြေအဖြစ်နဲ့ လောကကို ပိုင်းခြား ပြီး ယူပစ်လိုက်တယ်။ အဲ့နယ်မြေထဲက လူတွေ ဖြစ်ဖြစ် တခြားသော သ က်ရှိတွေကို ဖြစ်ဖြစ် အုပ်ချုပ်သူ နတ်မင်းက အုပ်ချုပ်တယ်။ ဒါပေမဲ့ ပို ပြီး အင်အားကြီးတဲ့ နတ်မင်းတစ်ပါးက လာလုရင် အင်အားနည်းတဲ့ နတ်မင်းက ဝေးလွင့်သွားရတယ်။

တည်နေရာ အတည်အမြဲ ဆိုတာ မရှိသလို စစ်ပွဲဆိုတာကလည်း တ စ်ချိန်လုံး ဖြစ်ပေါ်လေ့ ရှိကြတယ်။ လူသားတွေ နတ်တွေ မိစ္ဆာတွေ ပြီး တော့ တိရစ္ဆာန်တွေ နောက်ထပ် များ ပြားလှတဲ့ မျိုးနွယ်စုတွေဟာ

အစဉ်မြဲ နယ်မြေတွေအတွက် တိုက်ခိုက်နေကြတယ်။ နတ်ဘုရား ဆယ်ပါးကလွဲရင်လို့ ပြောရင် ပိုမှန်မယ် ထင်တယ်။

ဆယ်ပါးသော နတ်ဘုရားတွေဟာ သီးသန့်နယ်မြေတွေ သတ်မှတ်ထားပြီး သူတို့ အစွမ်းတွေနဲ့ သူတို့ နယ်မြေတွေကို ကာဆီးထားတယ်။ တခြားဘယ်သက်ရှိမှ သူတို့ နယ်မြေထဲကို မဝင်နိုင်ကြအောင် ပြုလုပ်ထားကြတယ်။ အဲဒီ နတ်ဘုရားတွေဟာ တခြားသူတွေနဲ့ သူတို့ က မတူပဲနဲ့ ခြားနားတယ်လို့ သတ်မှတ်ကြပြီးတော့ ဘယ်သူနဲ့ မှ မပတ်သက်ချင်လို့ အဲ့လို နေထိုင်ကြတယ်။ ဘယ်အရာကိုမှ ထိန်းချုပ်ဖို့ လုယူဖို့ မကြိုးစားကြသလို သူတို့ ပိုင်တဲ့ ဘယ်အရာကိုမှ လည်း တခြားသူတွေကို မဝေငှချင်ကြဘူးလေ။ ပြောရရင် သူတို့ ဆယ်ဦးဟာ စွမ်းအား အမြင့်ဆုံးပဲလို့ ပြောရမယ်။ အဲ့လို စွမ်းအားမြင့်မားတဲ့ နတ်ဘုရားဆယ်ပါးစလုံးကို မျိုးနွယ်အနေနဲ့ မဟုတ်ပေမဲ့ သီးသန့်ခွဲထွက်စေဖို့ နာမည်တစ်လုံး သတ်မှတ်လိုက်တယ်။ အဲဒါဟာ သူတို့ နာမည်တွေ အနောက်မှာ ရှီ ဆိုတာကို ထည့်သွင်း လိုက်တာပဲ ဖြစ်တယ်။ ပင်းဆိုတဲ့ သူ့ဖာသာပေးထားတဲ့ သူ့နာမည်မှာ ရှီ ဆိုတာကို ထည့်သွင်းလိုက်သလိုမျိုး တခြားသော နတ်ဘုရားတွေမှာ လည်း ရှီ ဆိုတဲ့ အဆုံးသတ်နဲ့ စွမ်းရည်ကို ကွာခြားစေတယ်။

စွမ်းအား အမြင့်ဆုံးလို့ သတ်မှတ်တဲ့ အထဲမှာ ပင်းရှီ ဆိုတဲ့ နတ်ဘုရားလည်း ပါတယ်။ သူဟာ ရေခဲကနေ မွေးဖွားလာတာလို့ သူ့ကိုယ်သူ သတ်မှတ်ထားတယ်။ ဒါပေမဲ့ သူ ဘယ်လို မွေးလာတာလဲ ဆိုတာကို ပင်းရှီ မသိတော့ဘူး။ သူ့အသက်ဟာ သိပ်ကြာလွန်းလို့ သူကိုယ်တိုင်တောင်မှ မရေတွက်နိုင်တော့ဘူး။ သူ ဒီထိ တစ်ဦးတည်း ရှင်သန်လာတာ အစကတည်းက သူ့ရဲ့ စွမ်းအားတွေ မြင့်မားလွန်းလို့ မဟုတ်ဘူး ။ သူ ရင်ဆိုင် တိုက်ခိုက်ခဲ့ရတာတွေ အများကြီးပဲ။ ဒါပေမဲ့ အဲဒါတွေက လွန်ခဲ့

သောလို့ ခေါ်ရမယ့် နှစ်သိန်းပေါင်းများ စွာမှာ ကျန်ရစ်ခဲ့ပြီး အခုချိန်မှာ သူ့ကို ဘယ်သူကမှ စိန်ခေါ်ပြီး မတိုက်ခိုက်ရဲတော့ဘူး။ သူ့ရဲ့ ကိုယ်ကို ဖောက်ထွက်အောင် တိုက်ခိုက်နိုင်ရင်တောင်မှ သူဟာ သေဆုံးဖို့ မလွယ်ကူတဲ့ နတ်ဖြစ်နေပြီ။

အမှန်ပြောရရင် ပင်းရှိက သေသပ်ပြီး တည်ငြိမ်အေးစက်တဲ့ နတ်မင်း တစ်ပါးပဲ။ လူတွေ မိစ္ဆာတွေ ပြီးတော့ နတ်မျိုးနွယ်စု အချင်းချင်း တိုက်ခိုက်နေကြတာကို လက်ပိုက်ပြီး ကြည့်နေနိုင်တဲ့ နတ်တစ်ပါး ဖြစ်သေးတယ်။ သူ ဘယ်တော့မှ ရန်ပွဲတွေကို ဝင် မပါဘူး။ အမှန်ပြောရရင် သူက သပ်ရပ်တာကို ကြိုက်တယ်။ သူ ဝင်ပါလိုက်လို့ သွေးတစ်စ လောက် သူ့ဝတ်ရုံမှာ ပေကျံသွားမှာ ကို သူ မနှစ်သက်ဘူး။ ပြီးတော့ သူဟာ မောက်မာသေးတယ်။ သူနဲ့ အဆင့်တန်းမတူတဲ့ နတ်ဖြစ်ဖြစ် လူဖြစ်ဖြစ် သူဟာ စကားတစ်ခွန်းမှ ဟလေ့ မရှိဘူး။ လာပြောနေတဲ့ သူ ရှုးသာသွားမယ်။ သူဟာ မကြားသလိုပဲ ဟန်ဆောင်ကောင်းမယ့်နတ် ဖြစ်တယ်။

ဒါပေမဲ့ သူ့လို နတ်မင်းမှာ အပေါင်းသင်း အနည်းငယ် ရှိတယ်။ တစ်ဦးက ချီးရှိ နောက်ထပ် တစ်ဦးက ဟော်ရဲ့ ရှီ၊ နောက်ထပ် တစ်ဦးက တော့ ဟု န်လျန်ရှီ၊ သူတို့ တွေဟာ နတ်ဘုရားတွေပဲ၊ သီးခြားခွဲထွက်နိုင်တဲ့ နယ်မြေကိုယ်စီ ရှိတယ်။

ချီးရှိ ဆိုရင် အမှောင်နတ်မင်း သူ့ရဲ့ စွမ်းအားက အရာအားလုံးကို အမှောင်ချပစ်နိုင်တဲ့ စွမ်းရည် ရှိတယ်။ ပြောရရင် တစ်လောကလုံးကို တစ်ခါတည်း အမှောင်ချပစ်နိုင်တယ်။ ချီးရှိဟာ ဘာမှ ကို စိတ်မဝင်စားတဲ့ နတ်မင်း၊ ပြောရရင် တစ်ဇွတ်ထိုး တဇောက်ကန်း နားတစ်ပေါက်နေတဲ့ နတ်၊ သင့်တင့်မျှတမှု ဆိုတာကို ချီးရှိ ဆီမှာ ရှာလို့ မရနိုင်ဘူး။ လှပတဲ့ ယု

န်ဟာ ချီးရှီအတွက် အသားကင် ဖြစ်နိုင်တာမျိုး၊ ယုန်မွေးတွေဟာ ချီးရှီ အတွက် အသုံးဝင်ချင်မှ ဝင်မယ်။ ဒါပေမဲ့ ရုပ်ဆိုးတဲ့ ကြွက်ဟာ ချီးရှီ အတွက် အိမ်မွေး တိရစ္ဆာန် ဖြစ်သွားနိုင်တယ်။ ချီးရှီရဲ့ အသက်က ငယ် သေးတယ်။ ပြောရရင် ရေတွက်လို့ ရသေးတယ်။ ချီးရှီဟာ နှစ်သိန်း ပေါင်း သုံးရာကျော်လောက်ပဲ ရှိအုံးမယ် ထင်တယ်။ တစ်ခုပဲ ဆိုးတာ ချီး ရှီဟာ အရမ်းကို အစအနောက်သန်တဲ့ နတ်တစ်ပါးဖြစ်တယ်။ အသစ်အ ဆန်းကို နှစ်သက်တတ်ပြီး သူဟာ စနောက်လွန်းလို့ သူ့ကို အပေါင်း သင်းလုပ်ချင်တဲ့ နတ်ရှားတယ်။ အဲဒါကြောင့် သူ့ကို သည်းခံတဲ့ ကျိုးရှီနဲ့ သူက ပိုပြီး ခင်မင်တယ်။ အမှန်ပြောရရင်တော့ ကျိုးရှီဟာ ချီးရှီကို ရှိတ ယ်လို့ မသတ်မှတ်ပဲ နေနိုင်တဲ့ တစ်ပါးတည်းသော နတ်ပဲလေ။

ဟော်ရဲ့ ရှီ၊ သူက ကျတော့ မီးတောက်တွေကို ပိုင်ဆိုင်တဲ့ နတ်မင်း၊ တစ်ချိန်လုံး သူ့လက်ထဲက မီးတောက်တွေကို ကစားနေလေ့ ရှိတယ်။ သူ့ရဲ့ မီးတစ်စဟာ အားလုံးကို လောင်ကျွမ်းပစ်နိုင်တယ်။ သူဟာ အမြဲ တမ်း မဆင်ခြင်တတ်ဘူး။ မော်ကြွားရတာကို ဟော်ရဲ့ ရှီ အလွန်အမင်း နှစ်သက်တတ်ပြီး တစ်ပါးသူကို စနောက်ရတာကို အရမ်းကြိုက်တယ်။ အထူးသဖြင့် သူ့ထက် စွမ်းအားနည်းတဲ့ သူတွေကို ထိခိုက်စေရတာ ဟော်ရဲ့ ရှီ နှစ်သက်တတ်တယ်။ ဟော်ရဲ့ ရှီဟာလည်း နှစ်ပေါင်း မရေတွ က်နိုင်တဲ့ အသက်နဲ့ နတ်ဘုရားတစ်ပါးပဲ။ သူ့မှာ ကြီးမားတဲ့ နယ်မြေ တွေကို ပိုင်ဆိုင်ထားတယ်။ ပြောရရင် အားလုံးဟာ ဟော်ရဲ့ ရှီကို ကြော က်လို့ သာ ငြိမ်နေကြတဲ့ သက်ရှိတွေချည်းပဲ။ ဘယ်သူမှ ဟော်ရဲ့ ရှီ ဆော့ကစား နှိပ်စက်တာကို မခံနိုင်ကြဘူး။

ဟု န်လျန်ရှီ၊ သူက မိုးကြိုးတွေကို ပိုင်ဆိုင်တယ်။ သူပိုင်ဆိုင်တဲ့ မိုးကြိုးတွေဟာ ပြင်းထန်ပြီး ထိုးခွဲနိုင်တယ်။ သူဟာ နယ်မြေအကြီး တစ်ခုကို ပိုင်ဆိုင်တယ်။ သူ မလိုချင်လည်း သူ့ဆီကို ရောက် လာပြီး ကိုး

ကွယ်သူတွေကြောင့် ဟု န်လျုန်ရှီရဲ့ နယ်မြေက အမြဲတမ်း စည်ကားနေလေ့ ရှိတယ်။ ပြီးတော့ အဲ့လို ဆူညံတဲ့ နယ်မြေနဲ့ ပင်းရှီရဲ့ ရေခဲနယ်မြေဟာ ကပ်လျက်ပဲ၊ အဲဒါကြောင့် စိတ်ပျက်ဖွယ် အသံတွေကို မကြားရအောင် ပင်းရှီက အမြဲတမ်း ရေခဲတံတိုင်းကို ကာဆီးထားတယ်။ ဟု န်လျုန်ရှီက မျှတပြီး သဘောကောင်းတဲ့ နတ်မင်း ဖြစ်နေတာကိုလည်း ပင်းရှီဟာ စိတ်ညစ်ဖွယ်လို့ မြင်သေးတယ်။

ဟု န်လျုန်ရှီရဲ့ ကျောက်ဂူဟာ မတရားမှုတွေကို အော်ဟစ် တိုင်တန်းမှုတွေနဲ့ စည်ကားလေ့ ရှိတယ်။ ပင်းရှီ စိတ်အညစ်ဆုံးကတော့ ဟု န်လျုန်ရှီက အဲဒီဘာစွမ်းအားမှ မရှိတဲ့ သူတွေကို ကူညီပြီး ပျော်မွေ့နေတာကိုပဲ ဖြစ်တယ်။ ဟု န်ချုန်ရှီ နတ်ဘုရားဘယ်လို ဖြစ်လာတာလဲ ဆိုတာကို သူ တွေးလို့ မရဘူး။ သူ့အသက်က သိပ်ငယ်သေးတယ်။ ဟု န်ချုန်ရှီဟာ နှစ်ပေါင်း သိန်းဆယ်ချီလောက်ပဲ ရှိသေးတာ။ လေးဆယ့်နှစ်သိန်းလား။ သိပ်တော့မသေချာဘူး။ ဒါပေမဲ့ သူဟာ ပေါ်ထွက်လာတာ သိပ်ပြီး မကြာသေးဘူး။

နောက်ဆုံးတစ်ဦးဟာ ကျိုးရှီ ဆိုတဲ့ နတ်ဘုရားငယ်လေး တစ်ပါးပဲ။ သူ့အသက်က ငယ်လွန်းလို့ ဘယ်လို နတ်ဘုရား ဖြစ်လာတာလဲ ဆိုတာရယ်။ ဘယ်လို စွမ်းအားကို ပိုင်ဆိုင်တာလဲ ဆိုတာရယ်ကို မသိနိုင်ဘူး။ တည်ကြည်တဲ့ ရုပ်ရည်နဲ့ အေးဆေးတဲ့ သွင်ပြင်မူရာကို ပိုင်ဆိုင်ထားပြီးတော့ သူဟာ လျှို့ဝှက်တတ်တယ်။ သူပိုင်ဆိုင်တဲ့ စွမ်းအားကို မထုတ်ပြတတ်ဘူး။ ပင်းရှီဟာ ဘယ်နတ်တွေရဲ့ စွမ်းအား တည်ရှိမှုကိုမှ ဂရုမစိုက်ပါဘူး။ သူတို့ မထုတ်ပြလည်း မသိရရုံအပြင် သူ့ကို တခြားသူက တစ်ခုခု မလုပ်နိုင်ဘူး ဆိုတာကို သူသိပြီးသား။ ကျိုးရှီရဲ့ အသက်ဟာ နှစ်သိန်းပဲ ရှိသေးတာ။ ကျိုးရှီ မွေးလာတုန်းက သူ့ရဲ့ ရေပြင်ကို သူခဲထားတာမှာ အားလုံး အရည်ပျော်သွားလို့ သူမှတ်မိနေတာ။ ဒါပေမဲ့ မွေးလာ

ကတည်းက ကျိုးရှီဟာ နတ်ဘုရားတစ်ပါးလိုမျိုး စွမ်းအားနဲ့ ဖြစ်နေတာ ကံကောင်းလွန်းလို့ ပဲ။ ဒါပေမဲ့ ကျိုးရှီကို လာလုကြတဲ့ မျိုးနွယ်တွေဟာ ကျိုးရှီကို ကြောက်ရွံ့သွားကြတယ်။ ပင်းရှီကတော့ ကျိုးရှီ မွေးလာတာကို စောင့်ကြည့်ပြီးမှ မသိသလိုပဲ ပြန်လာခဲ့တာ။ နောက်တော့ ချီးရှီက ကျိုးရှီကို ခေါ် လာပြီး မိတ်ဆက်ပေးခဲ့တယ်။ အဲ့နောက်တော့ ကျိုးရှီနဲ့ သူနဲ့ သိခဲ့ရတယ်လေ။ ထူးဆန်းတာကို ပြောရရင် ကျိုးရှီဟာ ပေတေတဲ့ နတ်ဖြစ်နိုင်တယ်။ သူ့မှာ အိမ်မရှိဘူး။ သူဟာ သူနေဖို့ ဆိုပြီး ဘယ်နယ်မြေကိုမှ မလုဘူးလေ။ အဲ့တော့ သူက သီးသန့်နေတတ်ပေမဲ့ အိမ်မရှိတဲ့ နတ်ဖြစ်တယ်။

တစ်ရက်မှာ ပင်းရှီ နိုးထလာတယ်။ သူ့ရဲ့ ဆံပင်တွေကို ဖြီးသင်နေတုန်းမှာ ပဲ။ သူဟာ မိုင်ထောင်ချီ ကျယ်ဝန်းတဲ့ သူ့နယ်မြေအတွင်းက လှုပ်ရှားမှုတစ်ခုကို သတိထားမိတယ်။ သူ့နယ်မြေဟာ တစ်ချိန်လုံး အေးခဲနေလို့ အစွမ်းမရှိတဲ့ နတ်ငယ်တွေ မဖြတ်သန်းနိုင်ဘူး။ တော်ရုံစွမ်းရည်နဲ့ လည်း မဝင်လာနိုင်ဘူး။ သူကလည်း သူ့အပြင် တခြားသက်ရှိ တစ်ဦးရှိနေတာကို မနှစ်သက်ဘူး။ မလှုပ်ရှားတာ နှစ်နဲ့ ချီအောင် ကြာပြီ ဖြစ်တဲ့ သူ့ရဲ့ နှုတ်ခမ်းစွန်းတွေ လွန့်ခနဲ လှုပ်ရှားသွားတယ်။

သိပ်မကြာမီမှာ ပဲ မိုင်တွေ အများကြီး ဝေးတဲ့ ဆီက သူ့နယ်မြေအတွင်းက သက်ရှိဆီ ရောက်သွားတယ်။ ဒီသက်ရှိကို ကြည့်ရတာ သူ့ကိုတောင် မမြင်သလိုပဲ။ ဒါက ဖြစ်နိုင်တယ်။ ဘာလို့ ဆို သူ့နယ်မြေက ရေခဲတွေ အပေါ်မှာ နှင်းထုတစ်လွှာ ရှိတယ်။ သူဝတ်ထားတာဟာ အဖြူရောင် ပြီးတော့ သူ့ဆံပင်တွေဟာလည်း အဖြူရောင် ဖြစ်တယ်။ ရေခဲနဲ့ နှင်းရဲ့ စွမ်းအားကို ပိုင်ဆိုင်တဲ့ သူ့အသားရေဟာ နှင်းလိုပဲ ဆွတ်ဆွတ်ဖြူနေမယ် ဆိုတာ အထူးတလည် ပြောနေဖို့ မလိုတော့ဘူး။ သူ့မျက်လုံးတွေတောင်မှ အနက်ဆံ မဟုတ်ပဲ ပုလဲရောင် ဖြစ်နေတော့ ဒီ

သက်ရှိ သူ့ကို မမြင်ရဘူး ဆိုတာကို ပင်းရှီ အပြစ်မမြင်ချင်ဘူး။

ပင်းရှီ နှင်းတွေ ဝေနေတဲ့ အပင်တစ်ပင်ထက်မှာ မတ်တတ်ရပ်နေလိုက်ပြီး အောက်က သက်ရှိ လှုပ်ရှားနေသမျှကို အေးစက်စက်ပဲ ကြည့်နေမိတယ်။ အောက်က သက်ရှိသာ နှင်းထုထဲကို ခြေတစ်ဖက် ဝင်လိုက် ပြန်ဆွဲနုတ်လိုက် ရှေ့ကို တစ်လှမ်းလှမ်းလိုက်နဲ့ အလုပ်ရှုပ်နေတယ်။ ပြီးတော့ ကြည့်ရတာ အောက်က သက်ရှိဟာ ဖန်ဆင်းထားပုံမရဘူး။ ဒါကြောင့် သူဟာ စွမ်းအားမရှိမှန်း သိသာတယ်။ ဒါပေမဲ့ ဒီစွမ်းအား မရှိတဲ့ သက်ရှိက သူ့ရေခဲတံတိုင်းကို ဘယ်လို ဖောက်ဝင်လာသလဲ ဆိုတာကို ပင်းရှီ တွေးလို့ မရဘူး။

သက်ရှိဟာ အေးအေး သက်သာစွာနဲ့ လှုပ်ရှားနေတာ သူ့အိမ် သူ့ယာ အတိုင်းပဲ။ ဒါပေမဲ့ ပင်းရှီရောက် လာပြီးမှ သူ ရွေ့လျားနိုင်တာ ဆယ်လှမ်း မပြည့်သေးဘူး။ သူ့ရဲ့ အားမလျော့မှုကို ပင်းရှီ အသိအမှတ်ပြုမိတယ်။ ဒူးထိရောက်နေတဲ့ နှင်းထုထဲမှာ သက်ရှိဟာ ရွေ့လျားနိုင်ဖို့ ကြိုးစားတုန်းပဲ။ သက်ရှိဟာ အဝေးကြီးကနေ ရောက်လာတာမို့ မောပန်းနေပုံပေါ်နေပေမဲ့ သူ ရွေ့လျားဖို့ ဆက်ကြိုးစားနေဆဲပဲ။

သူကိုင်ထားတဲ့ အထုတ်ကို လှမ်းကြည့်လိုက်တော့ အသီးတချို့နဲ့ ဘာတွေမှန်း ပင်းရှီ မသိဘူး။ နောက်တော့ သက်ရှိက သစ်ပင်ရဲ့ လှုပ်ရှားမှုကို ဂရုပြုမိသွားဟန်နဲ့ ပင်းရှီ ရှိတဲ့ နေရာကို လှည့်ကြည့်လာတယ်။

ခပ်ညိုညို အသားရေဟာ မြေပြင်က ထိကပ်နေတဲ့ နှင်းတွေနောက်ခံနေတော့ ပင်းရှီရဲ့ မျက်ဝန်းထဲမှာ နှစ်လိုဖွယ်ဖြစ်နေတယ်။ ပင်းရှီလည်း အရင်တုန်းက ဒီလို အသားရေမျိုး ပိုင်ဆိုင်ခဲ့ဖူးလောက်တယ်။ ဒါကို ပင်းရှီ သိပ်ပြီး မမှတ်မိချင်တော့ဘူး။ အရာအားလုံးသာ မှတ်မိနေ

ရင်း ပင်းရှီရဲ့ ဆံပင်တွေဟာ အခုလို သန်မာပြီး ရှည်လျားနေမှာ မဟုတ်ဘူး ။ ဦးခေါင်းဟာ လေးလွန်းလို့ ပြုတ်ကျလောက်ပြီ။ အဲ့လိုသာဆို များပြားလှတဲ့ မှတ်ဉာဏ်နဲ့ ဦးခေါင်းကို ပင်းရှီ ဖြုတ်ပြီး ကိုင်ထားရလောက်တယ်။ အဲဒါဆို တော်တော်ရုပ်ဆိုးနေမှာ ပဲ။

အညိုရောင်မျက်လုံးတွေဟာ ဟု န်လျန်ရှီ အတိုင်းပဲ။ နှာခေါင်းက ဖြောင့်စင်းနေတာ။ နှုတ်ခမ်းက ဘာလို့ အနီရောင်ဖြစ်နေတာလဲ ဆိုတာကို ပင်းရှီ စိတ်ပါဝင်စားတယ်။ ပင်းရှီရဲ့ နှုတ်ခမ်းတွေဟာ ဖြူဖျော့နေကြတာ။ ဘယ်တုန်းကမှ အနီရောင် မဖြစ်ဖူးဘူး။ ပင်းရှီထက် သေးငယ်ပြီး အရပ်ပုနေတဲ့ ပုံစံဟာ ဟော်ရဲ့ ရှီရဲ့ အိမ်တော်က နတ်အစေခံငယ်တွေ အတိုင်းပဲ။ ဒါဟာ အင်အားနည်းပါးတဲ့ ရုပ်လက္ခဏာဖြစ်တယ်လို့ ပင်းရှီ သတ်မှတ်လိုက်မိတယ်။ မေးစေ့ချွန်ချွန်ဟာ နှစ်ခွကွဲနေတယ်။ ပင်းရှီကို ပြုံးပြတော့ နှုတ်ခမ်းအောက်နားက အခွက်လေးတွေက စိတ်ပါဝင်စားဖို့ ကောင်းနေတယ်လို့ ခံစားမိစေတယ်။

သက်ရှိဟာ ပင်းရှီကို တမေ့တမော မော့ကြည့်နေတာ သူ့လည်ပင်းဟာ အနောက်ကို လန်ကျတော့မယ်။ ပင်းရှီ တွေးလိုက်ပေမဲ့ အဲ့သက်ရှိဟာ ပင်းရှီကို ကြည့်နေတာ မရပ်ဘူး။ နောက်ဆုံးတော့ သူဟာ ပက်လက်လန်ကျသွားတယ်။ ပင်းရှီ အနားသို့ တိုးကပ်သွားတော့ သက်ရှိက ခပ်တိုးတိုး ရေရွတ်တယ်။

'ဟု န်လျန် နတ်မင်းက သိပ်လှတာပဲ'

သူပြောလိုက်တဲ့ စကားဟာ သူ့ကို ဆွဲထူမယ့် ပင်းရှီရဲ့ လက်တွေကို တန့်ရပ်သွားစေတယ်။ ဒီသက်ရှိက ဟု န်လျန်ဆီ လာတဲ့ ဆူညံတတ်တဲ့ သက်ရှိတွေနဲ့ အတူတူပဲလား။ အတွေးနဲ့ အတူတူ အဲ့သက်ရှိရဲ့ လည်ပင်းက အင်္ကျီစကို ဆုပ်ကိုင်ပြီး ဟု န်လျန်ရှိတဲ့ နေရာကို ပျံသန်းလာတယ်။

အဲ့သက်ရှိဟာ ပင်းရှီရဲ့ လက်ထဲကနေ ရုန်းကန်နေတယ်။

'မဖြစ်ဘူး မဖြစ်ဘူး ကျွန်တော့်အမေကို သူတို့ သတ်တော့မှာ သူတို့ ကျွန်တော့်ကို အချိန် နည်းနည်းပဲပေးထားတာ ဒီကို ရောက်အောင် လာဖို့ တောင် အချိန်တော်တော် ယူခဲ့ရတာ ကျွန်တော့်ကို မနှင်ထုတ်ပါနဲ့ '

ပင်းရှီ ခေါင်းထဲမှာ သက်ရှိရဲ့ အော်ပြောသံတွေနဲ့ ရှုပ်ထွေးသွားတယ် ။ သက်ရှိ ပြောနေတာတွေကို ပင်းရှီ နားမလည်ဘူး။ သူ့ကို ဘာမျိုးနွယ်လဲ ဆိုတာကို မေးဖို့ လည်း လိုသေးတယ်။ နောက်ဆုံးမှာ သူ့ကို ဟု န်လျှ န်ရှီရဲ့ အိမ်တော်ထဲကို ပစ်ထည့်လိုက်တယ်။

'ဝုန်း!! ခလွမ်း ချွမ်း'

ပင်းရှီ ပစ်ချလိုက်တဲ့ အသံဟာ ကျယ်လွန်းလို့ ထိုနေရာကို များ ပြား လှတဲ့ သက်ရှိတွေ ရောက်လာတယ်။ ပင်းရှီ လေပေါ်မှာ ပျံနေဆဲပဲ။ ဟု န်လျှန်က ပင်းရှီကို မြင်တော့ တအံ့တဩနဲ့ နှုတ်ဆက်စကားဆိုတယ်။ ဟု န်လျှန် အံ့ဩလွန်းပြီးတော့ ပါးစပ်တွေတောင်ဟတယ်။ ပင်းရှီဆိုတဲ့ ရေခဲနတ်မင်းဟာ သူ့နယ်မြေကနေ အပြင်ကို ထွက် လာလေ့ မရှိဘူး မဟုတ်လား။

'ပင်းရှီ မင်း ဘယ်လို ရောက်လာတာလဲ'

'သူ ငါ့ဆီ ရောက်လာတယ်'

ပင်းရှီ သက်ရှိကို လက်ညှိုးထိုးလိုက်တော့ ဟု န်လျှန်က လှမ်းကြည့်တယ်။ ပြီးတော့မှ အဲ့သက်ရှိကို ဆွဲထူလိုက်ပြီးမှ ပင်းရှီကို အပြစ်တင်စကားဆိုတယ်။

'ပင်းရှီ မင်း ဘာလို့ အဲ့လို လူတစ်ယောက်ကို ပစ်လွှင့်လိုက်တာလဲ သူတို့ က နတ်မျိုးနွယ်တွေလို မဟုတ်ဘူး ကျိုးပဲ့လွယ်တယ် သေတတ်

တယ် သတိထားပေးရတယ်’

‘အဲ့လိုလား ငါနောက်တစ်ခါ ပြန်လုပ်ကြည့်မယ်’

ပင်းရှီ လူဆိုတဲ့ သက်ရှိအနားကို ရောက်လာတော့ အဲ့သက်ရှိဟာ ပင်းရှီကို တော်တော် ကြောက်သွားပုံရတယ်။ ချက်ချင်းပဲ ဟု န်လျန်ရဲ့ အနောက်ကို ရောက်သွားတယ်။ အဲ့သက်ရှိ မသိလိုက်တာက ပင်းရှီကို ဟု န်လျန်က တားမြစ်မှာ မဟုတ်ဘူး ဆိုတာကိုပဲ ဖြစ်တယ်လေ။

ပင်းရှီ အဲ့သက်ရှိကို ချီးရှီ သူ့ရဲ့ ကြွက်ရုပ်ဆိုးကို ပွေ့သလို ရင်ခွင်ထဲကို ပွေ့ချီလိုက်တယ်။ ဒီလို ပွေ့ချီတာဟာ မခက်ဘူး။ ဒါပေမဲ့ အဲ့လို ပွေ့ပိုက်လိုက်တာဟာ ရင်ထဲကို နွေးစေတယ်။ ချီးရှီ သူ့ရဲ့ ကြွက်ရုပ်ဆိုးကို အချိန်တိုင်း ရင်ခွင်ထဲမှာ ပွေ့ထားတာဟာ မထူးဆန်းတော့ဘူး။ ဒီခံစားချက်ဟာ တော်တော်လေး ကောင်းမွန်တာကို ပင်းရှီ အသိအမှတ် ပြုလိုက်မိတယ်။

ပင်းရှီ အသာလေးပဲ ဟု န်လျန်ရဲ့ အိမ်တော်ထဲက ခုံတစ်ခုံပေါ်ကို အသာလေး ချပေးလိုက်တယ်။ သက်ရှိဟာ ပင်းရှီကို ကြောက်လို့ တုန်နေတယ်။ သူတို့ ကို လွှင့်ပစ်လိုက်တာကို အိမ်မွေးတိရစ္ဆာန်တွေဟာ တော်တော် ကြောက်တတ်တာပဲလို့ မှတ်ချက်ချမိတယ်။ သက်ရှိကို ချလိုက်ပြီးမှ ဟု န်လျန်ကို လှည့်ကြည့်လိုက်ပြီး ဆိုတယ်။

‘ငါလုပ်တာ မှန်လား ဟု န်လျန်’

ဟု န်လျန်ဟာ သူ့ကို အီလည်လည် ပြုံးပြနေသလိုပဲ။ ဒါမှ မဟုတ် ဟု န်လျန်က ပြုံးရင်ကို မလှတာ ဖြစ်နိုင်တယ်။ ခုနတုန်းက လူဆိုတဲ့ သက်ရှိလေးဟာ ပြုံးလိုက်ရင် လှတယ်။ ပင်းရှီ အဲ့သက်ရှိကို အိမ်ကို ခေါ်သွားပြီး မွေးထားရင် ကောင်းမလားလို့ တွေးမိတယ်။ ဒါပေမဲ့ အဲ့သက်ရှိဟာ ဟု န်လျန်ကို ဦးညွှတ်လိုက်ပြီး ခုနတုန်းက စကားကို ပြန်ပြော

တယ်။

'ဟု နံလျှန် နတ်မင်း အမေ့ကို ကယ်ပါဦး အမေ့ကို သူတို့ သတ်တော့မယ် လုပ်ပါဦး အမေ့ကို သူတို့ သတ်တော့မယ် ကယ်ပေးပါ ဟု နံလျှန် နတ်မင်းကို တစ်သက်လုံး အလုပ်အကျွေး ပြုပါ့မယ် ဟု နံလျှန် နတ်မင်းကို ကျွန်တော်'

ဟု နံလျှန်ဟာ အဲ့သက်ရှိလေးရဲ့ ဦးခေါင်းကို ပွတ်တယ်။ ပြီးတော့ ဆွဲထူတယ်။ ဆွဲထူဖို့ အတွက် ပခုံးကို ကိုင်ထားတယ်။ အဲဒါတွေကို တစ်ခုမကျန် ပင်းရှီ ကြည့်နေမိတယ်။ သူလည်း အဲ့သက်ရှိလေးကို အဲ့လို လုပ်ချင်တယ်။ ဒါပေမဲ့ ဒီလို အပြုအမူတွေဟာ ဘာအတွက်မှန်း တစ်ယောက်တည်း နေလာတာ နှစ်များ စွာ ကြာလာတော့ ပင်းရှီ မေ့နေပြီ။ ဒါတွေကို ပြန်သင်ယူဖို့ လိုတယ်။

'ကောင်းပြီ ဘယ်နားမှာ လဲ ဘာအတွက် သတ်မှာ လဲ ဆိုတာကို ပြောပြ ငါတို့ အဲ့ကိုသွားကြမယ်'

ဟု နံလျှန်ဟာ တုံ့ဆိုင်းမနေပဲ အဲ့သက်ရှိရဲ့ ပခုံးကနေ ကိုင်ပြီး ပျံသန်းတယ်။ ပင်းရှီလည်း အနောက်ကနေ လိုက်လာမိတယ်။ ဒါဟာ ဘယ်သူရဲ့ စေခိုင်းချက်မှ မပါဘူး ဆိုတာ သေချာတယ်။ တစ်ဦးဦးက သာ စေခိုင်းရင်း အဲ့တစ်ဦးဦးကို ပင်းရှီ ခဲပြီး ပြိုကျအောင် သတ်ပစ်လိုက်မှာ ပဲ။

အဲ့နားကို ရောက်တော့ ရယ်မောနေကြတဲ့ သက်ရှိ တစ်စုကို တွေ့လိုက်ရတယ်။ ကြည့်ရတာ အဲ့လူ ဆိုတာနဲ့ ရယ်မောနေကြတဲ့ သက်ရှိတွေဟာ မျိုးနွယ် မတူကြဘူး ထင်တယ်။ အဲ့လူလေးက ဟု နံလျှန် ဆီကနေ ပြေးဆင်းသွားပြီးတော့ အဲ့သက်ရှိတစ်စုကို ရန်လုပ်တယ်။

'ငါ့အမေကော ငါ့အမေ'

'မင်းအမေလား ငါတို့ သခင်က မင်းအမေကို လိုချင်တယ် ဆိုလို့ ခေါ်သွားပြီ အခုဆို မင်းအမေက ပွဲတော်ထဲ ရောက်ပြီလား ခုတင်ပေါ် ရောက်ပြီလား မသိဘူး ဟား ဟား ဟား'

ဒါဟာ လက်ရှိလောကရဲ့ ပုံစံအမှန်ပဲ။ တစ်ဖက်ရယ်ရင် တစ်ဖက်က ငိုရတယ်။ တရားမျှတမှုဆိုတာ စွမ်းအားကြီးမားတဲ့ နတ်မင်းတွေ ဆီမှာပဲ ရှိတာ။ အဲ့လူလေးဟာ ရုတ်တရက် အော်ဟစ်ပြီး ပြောဆိုတယ်။

'ငါမင်းတို့ ကို သတ်ပစ်မယ်!!'

အဲ့လူသားလေး ပြောသမျှထဲမှာ ပင်းရှီ နားလည်တာ တချို့ရှိသွားပြီ။ သူလေးက အဲ့သက်ရှိ တစ်စုကို သတ်ပစ်ချင်တယ်။ ပင်းရှီရဲ့ ညာဘက်လက်ဟာ ဖေ့ယမ်းသွားပြီး ရေခဲမှုန်တချို့ ပျံ့လွင့်သွားတယ်။ အဲ့ရေခဲမှုန်တွေဟာ အဲ့သက်ရှိတွေပေါ် ရောက်သွားပြီး ချက်ချင်းပဲ တောင့်ခဲကာ တစ်စစီ ပြိုကွဲပြီး သေဆုံးသွားကြတယ်။ ဒါဟာ ပင်းရှီရဲ့ အညင်သာဆုံး သတ်နည်းတစ်ခုပဲ။ ချက်ချင်း သေခိုင်းတာက အရမ်းကို ကြင်နာပေးရာကျမှန်း ပင်းရှီ သိတယ်။ ဒါပေမဲ့ လူသားလေးက ချက်ချင်းပဲ သေခိုင်းစေချင်နေတာလေ။

ပင်းရှီ အဲ့သက်ရှိတချို့ကို သတ်လိုက်တာကို ဟု န်လျန်ဟာ မျက်မှောင်ကုတ်တယ်။ ဒါပေမဲ့ ပင်းရှီကို အပြစ်မဆိုဘူး။ ဘာလို့ လုပ်လိုက်တယ်ဆိုတာလည်း မမေးဘူး။ ပင်းရှီ ခုနတုန်းက ဟု န်လျန် လုပ်တဲ့ အမူအရာတွေကို အဲ့လူသားလေးကို ပြုလုပ်ချင်တယ်။ အဲဒါကြောင့် ညင်ညင်သာသာပဲ ရှေ့ကို တိုးလိုက်တယ်။ အဲ့လူသားလေးဟာ အနောက်ကို ဆုတ်သွားတယ်။ ဒါဟာ ပင်းရှီ ပြုလုပ်ချင်တာကို တားမြစ်တဲ့ သဘောလား။ ဒါမှ မဟုတ် ဒီအပြုအမူဟာ ဘာကို ရည်ညွှန်းတာလဲ။

ဒါပေမဲ့ ပင်းရှီ ချက်ချင်းပဲ ညာလက်နဲ့ အနားကို ရောက်လာအောင်

ရေခဲမှုန်တချို့ ထုတ်သုံးပြီး ဆွဲခေါ်လိုက်တယ်။ လူသားလေးဟာ မျက်ဝန်းတွေကို မှေးမှိ တ်ထားတယ်။ ပြီးတော့ မျက်ဝန်းထဲကနေ အရည်တချို့ ကျဆင်းနေတယ်။ အနီရောင်နဲ့ လိုက်ဖက်တဲ့ နှုတ်ခမ်းတွေဟာ တုန်ယင်နေတယ်။ ဒါပေမဲ့ လှတုန်းပဲ။ ဒီလူသားလေး ဘာဖြစ်နေတာလဲ ဆိုတာကို ပင်းရှီ အတိအကျ မသိဘူး။ ဒါဟာ တခြားသက်ရှိတွေနဲ့ အတူတူ မနေပဲ တစ်ဦးတည်း နှစ်သန်းပေါင်းများ စွာ နေထိုင်ခဲ့တဲ့ ဆိုးကျိုးတွေပဲ။ ပင်းရှီဟာ တချို့သက်ရှိတွေရဲ့ အပြုအမူတချို့ကို နားမလည်ဘူး။

အခုလည်း ဒီလူသားလေးရဲ့ အပြုအမူကို နားမလည်ဘူး။ ဒါပေမဲ့ ပင်းရှီ နှစ်သက်စွာနဲ့ လူသားလေးရဲ့ ဦးခေါင်းကို ပွတ်လိုက်တယ်။ ဒါက ခုနတုန်းက ဟု န်လျန် ပြုလုပ်ထားတဲ့ အမူအရာအတိုင်း ကွက်တိပဲ။ မပိုဘူး မလိုဘူး။ ပြီးတော့ ပခုံးလေးကို ကိုင်လိုက်တယ်။ ဒါပေမဲ့ ခုနတုန်းက ဟု န်လျန်ဟာ ဒီလူသားလေးကို ဆွဲထူလိုက်တာ။ အခုက ဒီလူသားလေးက မတ်တတ်ရပ်နေတော့ ပင်းရှီ ဆွဲထူလို့ မရဘူး။ အဲဒါနဲ့ ပင် ပခုံးကနေ ဖိချပြီး ထိုင်ခိုင်းလိုက်တယ်။ နောက်တော့ ပြန်ဆွဲထူလိုက်တယ်။

နောက်ဆုံးမှာ ပင်းရှီ ဒီလူသားကို အိမ်မွေးတိရစ္ဆာန်အဖြစ်မွေးဖို့ ဆုံးဖြတ်လိုက်တယ်။ အဲဒါကြောင့် အေးစက်တဲ့ ဓာတ်တချို့ကို ပျံ့လွင့်စေပြီးမှ ဟု န်လျန်ကို ခြိမ်းခြောက်လိုက်ပြီး တောင်းလိုက်တယ်။

‘ဟု န်လျန် ငါသူ့ကို မွေးမယ်’

ဟု န်လျန်ဟာ ပင်းရှီကို တအံ့တဩ ကြည့် လာပြီးမှ မေးတယ်။

‘မင်းသူ့ကို ဘယ်လိုမွေးမှာ လဲ မင်းဆီမှာ သူ နှစ်ရက်ဆိုရင် အေးခဲပြီး သေသွားမှာ ပဲ’

ပင်းရှီ ခဏမျှ တွေဝေမိပြန်တယ်။ ဟုတ်သားပဲ လူသားတွေက သေ

တတ်တယ်လို့ ဟု န်လျှန် ခုနတုန်းက ပြောတယ်။

‘ငါ ဟော်ရဲ့ ရှီ ဆီက မီးအမြုတေ တချို့ သွားတောင်းလာမယ်’

ဟု န်လျှန်က ပင်းရှီကို စိတ်မရှည်တော့ဟန်ဖြင့် ပြောလာတယ်။

‘အဲဒီမီးအမြုတေသာ ရှိရင် သူလည်း လောင်ပြီး သေပြီ ငါတို့ တောင်အဲ့မီးအမြုတေကို ကိုင်လို့ မရတာ မင်းက ရေခဲမို့သာ ထိန်းနိုင်တာ မဟုတ်လား ပြီးတော့ အဲ့မီးသာ ရှိရင် မင်းရဲ့ ရေခဲပြင်လည်း ရေပြင် ဖြစ်ပြီ ဒါမှ မဟုတ်လည်း မင်းရဲ့ အအေးဓာတ်ကြောင့် မီးလည်း ငြိမ်းလောက်ပြီ’

ပင်းရှီ ငြိမ်သက် သွားမိပြန်တယ်။ အိမ်မှာ တခြားသက်ရှိကို ခေါ်မွေးတာဟာ သိပ်ပြီး ရှုပ်ထွေးမှန်း ပင်းရှီ သိသွားပြီ။ ဒါပေမဲ့ ဒီလူသားလေးကို ပင်းရှီ လိုချင်နေတုန်းပဲ။ အဲဒါကြောင့် ပင်းရှီ ဆုံးဖြတ်လိုက်တယ်။

‘ငါ ဟွားဖန်ရှီ ဆီကနေ သူ့ရဲ့ ဝတ်မှုန်ထိန်းပန်းအိုးကို လုလာမယ် အဲဒါက လောကက အရာအားလုံးကို ထိန်းထားနိုင်တယ်လို့ ဆိုကြတယ်’

‘မင်း ပင်းရှီ’

‘ငါ့ကို ခဏစောင့် အဲ့လူသားကို ငါ့အစားကြည့်ထားပေး သူ့ကို ဘယ်သူမှ မစားစေနဲ့ ’

‘ မဟုတ်ဘူး မင်း အဲ့လို မလုပ်နဲ့ အဲဒါဟာ ကျန်းရှီနဲ့ တလီရှီကို မင်း စိန်ခေါ်သလို ဖြစ်သွားမယ်’

‘ငါ ဂရုမစိုက်ဘူး’

ပင်းရှီ ဟု န်လျှန် ဆီကနေ ပျံသန်း လာပြီး လောကရဲ့ မြောက်ဖျားကို ဦးတည်ပြီး လာခဲ့တယ်။ အရင်ဆုံး လှပတဲ့ ပန်းပျိုးခင်းတွေကို

ဖြတ်သန်းပြီး လာခဲ့တယ်။ နောက်ဆုံးတော့ ဟွားရှီရဲ့ ဝတ်မှုန်တွေနဲ့ ပြုလုပ်ထားတဲ့ အကာကွယ် တံတိုင်းကို လွယ်လွယ်ကူကူပဲ ဖြတ်သန်းနိုင်ခဲ့တယ်။ ပင်းရှီဟာ သူ့ထက် အသက်ငယ်တဲ့ နတ်တွေကို မရိုသေနိုင်ဘူး။ ပင်းရှီဟာ ယဉ်ကျေးမှုဆိုတာကို အများကြီး မေ့သွားပြီး နည်းနည်းလောက်ပဲ သတိရတော့တဲ့ နတ်ဘုရား၊ အဲဒါကြောင့် ဟွားဖန်ရှီ လက်ထဲက ဝတ်မှုန်ထည့်တဲ့ ပန်းအိုးကို ချက်ချင်းပဲ လုယူလိုက်တယ်။ လုမှုရေးကတော့ ပင်းရှီဟာ သူသိတဲ့ နတ်မင်းတွေ မဟုတ်ရင် အရေးကို မလုပ်တော့တာ ထုံနေပြီ။

ဟွားဖန်ရှီဟာ အံ့သြလွန်းလို့ မော့ကြည့်နေတဲ့ အချိန်မှာ ပဲ သူဟာ သူမရဲ့ နယ်မြေကနေ ထွက်ခွာလာခဲ့ပြီ။ နောက်တော့ သူက တစ်ခါတည်း ဟော်ရဲ့ ရှီဆီကို ဝင်လိုက်တယ်။ ဟော်ရဲ့ ရှီဟာ သူနဲ့ မိတ်ဆွေဖြစ်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူဟာ ဟော်ရဲ့ ရှီအား တောင်းဆိုလိုက်တယ်။

'မင်း ငါ့ကို မင်းရဲ့ မီးအမြုတေ နည်းနည်းပေးပါ'

'ဘာလဲ မင်းရဲ့ စွမ်းရည်ကို စမ်းသပ်မလို့ လား မင်းငြိမ်းနိုင်ပါတယ် ငါ့စွမ်းအားတွေ မတိုးတက်လာဘူး မင်းစိတ်မပူပါနဲ့ ငါမလေ့ကျင့်ထားဘူး'

' မဟုတ်ဘူး ငါ အိမ်မွေးတိရစ္ဆာန်မွေးမလို့ မင်းရဲ့ မီးနဲ့ သူ့ကို မသေအောင် ထားဖို့ လိုတယ်'

'ပင်းရှီ မင်းက'

'ဟုတ်တယ် ငါ့ကို မြန်မြန်ပေး ငါ သွားစရာ ရှိသေးတယ်'

'သူ ဘာနဲ့ ထိန်းမလဲ မီးကို သူကိုင်လို့ မရဘူးလေ'

‘ကိစ္စမရှိဘူး ငါ ပုလင်း ယူလာတယ်’

ဟော်ရဲ့ ရှီက ချက်ချင်းပဲ သူ့ရဲ့ မီးအမြုတေကို ဟွားဖန်ရဲ့ ဝတ်မှုန်စုတဲ့ ပန်းအိုးထဲကို ထည့်ပေးတယ်။ မီးအမြုတေဟာ ပန်းအိုးထဲမှာ နေရာယူသွားတော့ အပူချိန်ဟာ အနေတော်ပဲ ဖြစ်သွားတယ်။ ဒါပေမဲ့ ပန်းအိုးဟာ ပွင့်နေတော့ ဓောက်ထိုးဖြစ်တာနဲ့ မီးလောင်သွားနိုင်တယ်။ ပင်းရှီဟာ ချက်ချင်းပဲ မီးထိန်းကျောက်ကို သတိရသွားတယ်။

‘ဟော်ရဲ့ မင်းရဲ့ မီးထိန်းကျောက်ကို ငါ နည်းနည်းလောက် ယူလို့ ရမလား’

ယူလို့ ရမလား ဆိုတာက မေးလိုက်တာပဲ ရှိတယ်။ တကယ်တမ်းမှ ပင်းရှီဟာ မလုရုံတမယ်ပဲ ပြောလိုက်တာ။ မီးထိန်းကျောက်ကို သူ့ရဲ့ ရေခဲအမြုတွေကို ထုတ်ယူပြီး ပွတ်တိုက်စေတယ်။ နောက်ဆုံးမှာ မီးထိန်းကျောက်ဟာ ပန်းအိုးရဲ့ အဖုံးလေးလို ဖြစ်သွားပြီ။ ပန်းအိုးက လက်ကိုင်ကိုင်းလေးနဲ့ ကိုင်ထားရမှာ ။ အဲဒါကြောင့် ပင်းရှီ အဲဒီ သူကိုယ်တိုင် ဖန်တီးထားတဲ့ အအေးထိန်းတဲ့ မီးပန်းအိုးလေးကို သေးငယ်အောင် ပြုလုပ်လိုက်ပြီး သူ့ဝတ်ရုံရှည်တစ်စကို ဆွဲယူလိုက်ပြီး ခါးစည်းချိတ်လေးအဖြစ် ပြောင်းလိုက်တော့တယ်။

နောက်တော့ ပင်းရှီ ဟု န်လျှန်ရဲ့ အိမ်တော်ကို ပြန်ရောက်လာတယ်။ သူ့ရဲ့ အိမ်မွေးလူသားလေးဟာ အိပ်နေပြီ။ ညလည်း ရောက်နေပြီမို့ သူတို့လို စွမ်းအားမြင့်တဲ့ နတ်မင်းတွေက လွဲလို့ တခြားသော သက်ရှိတွေဟာ အိပ်တတ်ကြတယ်။ ဒါဟာ ပင်းရှီရဲ့ မှတ်ဉာဏ်ထဲကနေ မနည်းဖျစ်ညှစ်ပြီး တွေးမှ ထွက်လာတဲ့ တစ်စိတ်တစ်ဒေသပဲ။ အဲဒီ တစ်စိတ်တစ်ဒေသသာ မထွက်လာရင် သူဟာ သူ့ရဲ့ အိမ်မွေးလူသားလေးကို ဂရုမစိုက်လို့ နေမကောင်းဘူးဆိုပြီး ဟု န်လျှန်ကို ရန်ရှာဖို့ ပြင်နေပြီ။

ပင်းရှီ ခါးမှာ ချိတ်ထားတဲ့ မီးအမြုတေပါတဲ့ ခါးချိတ်လေးကို အိမ်မွေးလူသားလေးဆီ ချိတ်ပေးလိုက်တယ်။ သူ့ရဲ့ အိမ်မွေးလူသားလေးဟာ လူးလွန်ပြီး မျက်နှာကနေ အရည်တွေ စီးကျလာတယ်။ ဟု န်လျန်က အနားကို ရောက် လာပြီး ခပ်တိုးတိုးနဲ့

'မင်းသူ့ကို အသေသတ်နေတာလား ပင်းရှီ မင်းရဲ့ မီးက ဒီလောက်ပူတာ ဒီမှာ က အအေးဓာတ်တွေ ပုံ့နှံ့နေတာ မဟုတ်ဘူး သူ ချွေးထွက်လာပြီ'

ပင်းရှီ ချွေးဆိုတာကို လူသားလေးရဲ့ မျက်နှာကို တို့လိုက်ပြီး ပါးစပ်ထဲထည့် အရသာ ခံကြည့်တယ်။ မဆိုးဘူး။ ဒါပေမဲ့ သိပ်မကြိုက်ဘူး။ နောက်ဆို ချွေးဆိုတာတွေ အိမ်မွေးလူသားဆီကနေ မထွက်စေဖို့ သူ ဆုံးဖြတ်လိုက်တယ်။ ပင်းရှီ အအေးဓာတ်တချို့ကို ဖျန်းပေးလိုက်တော့ လူသားလေးက လူးလွန့်ရာကနေ ပြန်ပြီး ငြိမ်သက်သွားတယ်။

'ငါ သူ့ကို ခေါ်သွားတော့မယ်'

ပင်းရှီ ပြောလိုက်ပြီး အိမ်မွေးလူသားကို ပွေ့ချီဖို့ ပြင်လိုက်တော့ ဟုန်လျန်က

'သူ့နာမည်က ရှီးပိုင် မင်းသိပြီးပြီလား'

ပင်းရှီ လက်တွေ ရပ်သွားပြီး မျက်မှောင်ကုတ်တယ်။ ဟု န်လျန်က ထပ်ပြီး သတိပေးစကား ဆိုတယ်။

'မင်းက ပထမဆုံး တွေ့ဆုံရင် တစ်ယောက်နဲ့ တစ်ယောက် နှုတ်ဆက်ကြတာတောင်မှ မင်းမသိတော့တာ မင်း ဘယ်လိုဖြစ်ပြီး လူတစ်ယောက်ကို အိမ်မှာ မွေးထားမှာ လဲ ပင်းရှီ မဖြစ်နိုင်ဘူး ဒီလူသားက နှစ်ရက်ဆိုတာနဲ့ သေဆုံးသွားလိမ့်မယ်'

‘ငါအခု သိပြီလေ ချီးရှိတောင်မှ ရုပ်ဆိုးတဲ့ ကြွက်လို သက်ရှိတောင် သူ့အိမ်တော်မှာ ခေါ်ထားနိုင်တာ ငါက ဘာလို့ ရုပ်ချောတဲ့ လူလို သက်ရှိကို မခေါ်ထားနိုင်ရမှာ လဲ ငါ သူ့ကို မွေးဖို့ သင်ယူစရာတွေ ချီးရှိ ဆီမှာ သင်ယူရဦးမှာ ငါသွားပြီ’

ရှီးပိုင်ဆိုတဲ့ အိမ်မွေးလူသားငယ်ကို ပွေ့ချီလိုက်ပြီးမှ ချီးရှိ၏ အိမ်တော်သို့ ဦးတည်ကာ ပျံသန်းလိုက်တော့၏။

*****

# အခန်း-၂

ပင်းရှီရဲ့ ပုံသန်းမှုနှုန်းက သိပ်ပြီး မြန်လွန်းလို့ ရှီးပိုင် မနိုးလာခင်မှာ ပဲ လောကရဲ့ တောင်ဖျားက ချီးရှီရဲ့ အိမ်တော်ကို ရောက်လာတယ်။ ချီး ရှီရဲ့ အိမ်တော်ဟာ အကောင်ပလောင်တွေနဲ့ ဆူညံနေတာပဲ။ ပင်းရှီ ချက်ချင်းပဲ လက်ကို ဝှေ့ယမ်းပစ်လိုက်တယ်။ သူ့ရဲ့ အိမ်မွေးလူသားလေး ဟာ အိပ်နေတာ ချီးရှီရဲ့ အကောင်တွေ အော်လို့ မဖြစ်ဘူး။

အကောင်တွေဟာ ပင်းရှီရဲ့ ရေခဲမှုန်တွေကြောင့် ပါးစပ်တွေ စေ့ပိတ် သွားကြတယ်။ ချီးရှီဟာ အိမ်တော်ထဲကနေ အကောင်တွေ အသံတိတ် သွားလို့ ထင်တယ်။ အပြင်ကို ပြေးထွက်လာတယ်။ ပင်းရှီကို မြင်တော့မှ ခြေလှမ်းတွေ ရပ်သွားပြီး တအံ့တသြနဲ့ လှမ်းမေးလာတယ်။

'ပင်းရှီ မင်း ဘယ်လို ဖြစ်ပြီး ဒီလူသားကို ပွေ့လာရတာလဲ'

'သူက ငါရဲ့ အိမ်မွေးလူသား ငါ မင်းဆီက သင်ယူဖို့ တချို့ ရှိလို့ ရော က်လာတာ'

အကူညီတောင်းတဲ့ လေသံဟာ တင်းပြတ်နေပြီးတော့ တိုက်ရိုက်သ ဘော သက်ရောက်တယ်။ သူတို့လို နတ်ဘုရားတွေမှာ အားနာမှုဆိုတာ မြူတစ်မှုန်စာလောက်တောင် ကျန်ရှိမနေတော့ဘူး။ သူတို့ တစ်ယောက် နဲ့ တစ်ယောက် အားမနာတတ်ကြဘူး။

ချီးရှီဟာ ကြွက်ရုပ်ဆိုးရဲ့ ဦးခေါင်းကို အသာလေး ပွတ်သပ်နေရင်း

က ပင်းရှိ အနားကို တိုးလာတယ်။ ပင်းရှိလည်း သူ့လက်ထဲမှာ ပွေ့ထားတဲ့ အိမ်မွေးလူသားလေးကို လက်တစ်ဖက်တည်းနဲ့ ပွေ့ချီလိုက်ပြီး ဦးခေါင်းကို အသာလေး ပွတ်သပ်ပေးလိုက်တယ်။ လူသားတစ်ဦးရဲ့ ခန္ဓာကိုယ်ဟာ ကြွက်ထက်တော့ ကြီးမားတယ်။ သယ်ရတာ မလွယ်ဘူးလို့ ထင်ဖို့ ရှိတယ်။

ဒါပေမဲ့ ပင်းရှိ ရှီးပိုင်ကို ခါးကနေ စွေ့ခနဲ ပွေ့လိုက်ပြီး လေပေါ်ကို ပျံတက်လိုက်တော့ ရှီးပိုင်ရဲ့ ဦးခေါင်းဟာ သူ့ပခုံးကို မှီခိုထားတယ်။ ဒါဟာလည်း ပွေ့ခြင်းတစ်ခုလို့ ပင်းရှိ သတ်မှတ်မိတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် အိမ်မွေးလူသားရဲ့ ဦးခေါင်းကို ပွတ်သပ်ပေးနိုင်ရင် ရပြီ။ ချီးရှိဟာ ပင်းရှိက သူလုပ်တာကို လိုက်လုပ်နေတော့ ရယ်ချင်တဲ့ မျက်နှာလေးကို ပြောင်းသွားတယ်။ ပြီးတော့ သူ့ရဲ့ ကြွက်ရုပ်ဆိုးကို အောက်ချလိုက်တော့ ကြွက်ရုပ်ဆိုးလေးက လူသဏ္ဌာန်ကို ပြောင်းပြီး ငြိမ်ငြိမ်လေး ထိုင်နေတယ်။

'သူက အဲ့လို ပြောင်းလို့ ရတာလား'

ပင်းရှိဟာ သူ့ရဲ့ အိမ်မွေးလူသားထက် ချီးရှိရဲ့ အိမ်မွေးတိရစ္ဆာန်က သာလွန်နေတာကို မနှစ်သက်ဘူး။ သူ့လက်တွေ ချက်ချင်းပဲ ဝှေ့ယမ်းပစ်လိုက်တယ်။ ချီးရှိရဲ့ လူယောင်ဆောင်နေတဲ့ ကြွက်စုတ်ဟာ ကတုံးဖြစ်သွားပြီ။ ဒါဆို အနည်းဆုံးတော့ သူ့ရဲ့ လူသားလေးက ပိုလှသွားပြီ။ ချီးရှိဟာ မျက်နှာတွေ နီလာတယ်။ ဒါပေမဲ့ ပင်းရှိနဲ့ သူဟာ ရန်မဖြစ်ချင်ဘူး။ ပင်းရှိနဲ့ ရန်ဖြစ်တာဟာ လောကရဲ့ သုံးပုံတစ်ပုံကို အေးခဲသွားစေဖို့ လှုံ့ဆော်တာနဲ့ တူတယ် ဆိုတာ ချီးရှိ သိတယ်။

'ချီးရှိ မင်းရဲ့ ကြွက်ကို မင်း နှစ်ပေါင်းများ စွာ ဘယ်လို ထိန်းသိမ်းလာတာလဲ ဆိုတာကို ငါ လာမေးတာ'

ချီးရှိဟာ မျက်နှာ ပျက်သွားပြန်တယ်။ အံကြိတ်ထားတဲ့ လေသံနဲ့ ပြောတယ်။

'သူက ကြွက် မဟုတ်ဘူး မြွေပါ'

ပင်းရှိ အဲ့စကားကို ကြားနေရတာ ရိုးနေပြီ။ ဒါပေမဲ့ ချီးရှိရဲ့ မှတ်ဉာဏ်ဟာ သူ့ထက် လျော့နည်းတယ် ဆိုတာကို သူ အသိအမှတ်မပြုပဲကို မနေနိုင်ဘူး။ ကြွက်နဲ့ မြွေပါဟာ ရုပ်အတူတူပဲ သွားတွေနဲ့ ရုပ်ဆိုးကြတယ်။ အကောင်သေးတယ်။ ချစ်ခင်ဖို့ မကောင်းဘူး။ သူ့ရဲ့ လူသားလေးကတော့ သူ့လက်ထဲမှာ ပြည့်ပြည့်ဝဝပဲ နေရာယူထားနိုင်တယ်။ အိမ်မွေးတဲ့ တိရစ္ဆာန်တွေ ထက်စာရင် အကောင်ကြီးတယ် ဆိုပေမဲ့ သူ့လက်ထဲမှာ တော့ လူသားလေးက ကလေးလိုပဲ နေရာယူထားနိုင်တယ်။

'ကောင်းပြီ ငါမင်းနဲ့ မငြင်းတော့ဘူး မင်းရဲ့ ကြွက်ရုပ်ဆိုးဟာ မလှဘူး မြွေပါဟာလည်း ရုပ်ဆိုးတယ် ဒါဟာ ထပ်တူကျတဲ့ သဘောတရားပဲ မင်း ငါ့ကို ဒီရုပ်ဆိုးတဲ့ အကောင်ကို ဘယ်လို စောင့်ရှောက်လာတာလဲ ဆိုတာ သင်ပေးပါ ငါဟာ အများကြီး ပြန်သင်ဖို့ လိုတယ်လို့ ဟု န်လျန်က အကြံပေးထားတယ်'

'ဟု န်လျန်က မင်းကို ဒါကြီးကို မွေးထားဖို့ အကြံပေးလိုက်တာလား'

' မဟုတ်ဘူး ငါက တစ်ယောက်တည်း နေလာတာ ကြာတော့ ငါလည်း အိမ်မွေးတိရစ္ဆာန် မွေးချင်တယ် အဲဒါမို့ပါ'

ပင်းရှိဟာ လက်နှစ်ဖက်နဲ့ သူ့ရဲ့ လူသားလေးကို အသာလေး ပြောင်းလဲ ပွေ့ချီလိုက်ပြီး ချီးရှိရဲ့ အိမ်တော်ရှေ့က ကျောက်သလွန်ကို ရေခဲမှုန်တွေနဲ့ ဖျန်းပက်လိုက်တယ်။ ပြီးတော့ ဒူးတစ်ဖက်ချ ထိုင်လိုက်ပြီး သူ့ရဲ့ လူသားကိုပဲ ဆက်ပြီးတော့ ပွေ့ချီထားတယ်။ နောက်ဆုံးတော့ ချီးရှိဟာ

ပင်းရှီကို သင်ကြားပေးဖို့ ဆုံးဖြတ်လိုက်တဲ့ ပုံပဲ၊

‘ကောင်းပြီ ငါမင်းကို သင်ကြားပေမယ် ပထမဆုံး ဒီစာအုပ်ထဲကအတိုင်း မင်းလုပ်ဆောင်ရမှာ ဒါပေမဲ့ နောက်ဆက်တွဲ ရှိသေးတယ် မင်း မနက်ဖြန်မှ ပြန်လာယူလိုက် ငါရေးထားပေးမယ်’

ချီးရှီ ကမ်းပေးလာတဲ့ စာအုပ်ငယ်လေးကို လှမ်းယူလိုက်ပြီးတာနဲ့ ပင်းရှီ သူ့ရဲ့ ရေခဲနယ်မြေထဲကို ပြန်လာတယ်။ အခါတိုင်းလိုပဲ နှင်းထုတစ်လွှာအောက်က ရေခဲတွေဟာ အေးစိမ့်နေတယ်။ အိမ်တော်ကိုလည်း ပင်းရှီက ရေခဲတွေနဲ့ ပြုလုပ်ထားတာ ဖြစ်တယ်။

စာအုပ်က စာတွေ အများကြီး မပါဘူး။ မိုးမသောက်ခင်မှာ ပဲ ဒါကို သူ ဖတ်ပြီးသွားပြီ။ တော်သေးတယ်။ သူမေ့ပစ်လိုက်မိတဲ့ မှတ်ဉာဏ်တွေထဲမှာ စာလုံးတွေ မပါသွားဘူး။ သူ စာလုံးတွေရဲ့ အဓိပ္ပာယ်တွေကို သိနေသေးတယ်။ သိပ်မကြာခင်မှာ ပဲ သူ့ရဲ့ အိမ်မွေးလူသားလေးဟာ နိုးလာတယ်။

‘မင်း နိုး လာပြီလား’

သူ့အသံကြားတာနဲ့ အဲ့လူသားဟာ ချက်ချင်းပဲ မျက်လုံးတွေ ပြူးကျယ်လာတယ်။ နှုတ်ခမ်းတွေ တုန်ယင်လာတယ်။ ပြီးတော့ လက်နှစ်ဖက်က တစ်ဖက်နဲ့ တစ်ဖက် ထွေးဆုပ်ထားတယ်။ ပင်းရှီ မျက်တောင်ခတ်လိုက်မိတယ်။ သူ့ရဲ့ အိမ်မွေးတိရစ္ဆာန်ဟာ ဘာအပြုအမူလုပ်နေတယ် ဆိုတာကို သူ့ရဲ့ နှစ်ပေါင်းသန်းနဲ့ ချီနေတဲ့ မှတ်ဉာဏ်နဲ့ စဉ်းစားတယ်။ ဒါပေမဲ့ သူ မသိဘူး။

‘မင်း ဗိုက်ဆာတာလား စာအုပ်ထဲမှာ ရေးထားတယ် အစာကို အချိန်မှန်ကျွေးရမယ် လာ မင်းကို ငါကျွေးမယ်’

ပင်းရှီ သူ့ရဲ့ ရေခဲ စားပွဲပေါ်မှာ စားစရာတွေကို တင်လိုက်ပြီးမှ စာအုပ်ထဲက အရာတစ်ခုကို သတိရသွားတယ်။ ချက်ချင်းပဲ ပန်းကန်တွေကို စားပွဲအောက်ကို ရွှေ့လျှားစေတယ်။ ပြီးတော့ အေးအေး ဆေးဆေးပဲ ပြောလိုက်တယ်။

'စာအုပ်ထဲမှာ ပါတယ် ဆိုးဝါး အမူအကျင့်တွေကို အိမ်မွေးတိရစ္ဆာန်တွေကို အစတည်းက မပြုလုပ်စေရဘူးတဲ့ အဲဒါက စားပွဲပေါ်မှာ အစားစားခိုင်းတာလည်း ပါတယ်'

ရှီးပိုင်ဟာ သူ့အရှေ့ ဟင်းခွက်တွေ မုန့်ခွက်တွေကို ကြည့်ပြီး မျက်ရည်တွေ ကျလာတာကို ပင်းရှီ တွေ့လိုက်တယ်။ ပင်းရှီ ချက်ချင်းပဲ အနားကို ရောက် လာပြီး နဖူးလေးကို စမ်းတယ်။ ပြီးတော့ ဆက်ပြောတယ်။

'မင်း ချွေးထွက် လာပြီ ပူနေတာလား ငါအအေးဓာတ် လွှင့်ပေးမယ်'

ရှီးပိုင်ရဲ့ ခန္ဓာကိုယ်ပေါ်သို့ ရေခဲမှုန်လေးတွေ ဖျန်းပေးလိုက်တော့ ရှီးပိုင်ဟာ တုန်ယင်လာတယ်။ ပြီးတော့ အနီရောင် နှုတ်ခမ်းတွေ အပြာရောင်ကို ပြောင်းသွားတော့ ပင်းရှီ လက်ကို ရပ်တန့်ပစ်လိုက်တယ်။ သူ့ရဲ့ အိမ်မွေးလူသားက ဘာဖြစ်တာလဲ။ ဒါပေမဲ့ ဒီအခြေအနေကို ပင်းရှီ ကောင်းကောင်း သိတယ်။ ဒါဟာ သူ့အအေးဓာတ်ကြောင့် အေးခဲလာတဲ့ လက္ခဏာတွေ ချက်ချင်းပဲ ရှီးပိုင်ကို ပွေ့ယူလိုက်တယ်။

ချီးရှီဆီ သွားတာ ဝေးလွန်းတယ်။ ဟု န်လျှန်ဆီကို အရင် ရောက်အောင် သွားတယ်။ ဟု န်လျှန်ဟာ ကိစ္စတစ်ခုကို ဖြေရှင်းနေတယ်။ နှစ်ဦးနှစ်ဖက်ဟာ ငြင်းခုံနေကြတယ်။ သူ့ရဲ့ လူသားလေးကို ဘယ်သူမှ ဂရုမပြုနိုင်ကြဘူး။ ပင်းရှီ ချက်ချင်းပဲ သူတို့ အပြိုင်ရယူလိုနေကြတဲ့ ကျောက်တုံးကို ရေခဲမှုန်တွေနဲ့ အေးခဲပြီး မာကျောတဲ့ ရေခဲကို ဖြစ်ပေါ်စေပြီး ထုချပစ်လိုက်တယ်။ အဲဒါမှ သူတို့ အသံတွေ တိတ်သွားပြီး ပင်းရှီ

ကို ကြည့်လာကြတယ်။

'ဟု န်လျှန် သူ ဘာဖြစ်တာလဲ မသိဘူး သူ ချွေးထွက်လာလို့ ငါ သူ့ကို အအေးဓာတ်ပေးတာ'

ဟု န်လျှန်ဟာ ပင်းရှီကို တစ်ချက်ပဲ ငဲ့ကြည့်ပြီး ရှီးပိုင်ကို မီးလင်းဖို နားကို ခေါ်သွားတယ်။ ပြီးတာနဲ့ ဘာအမှုန့်တွေမှန်း မသိပဲ ပါးစပ်ထဲကို ထည့်ပေးတယ်။ သိပ်မကြာခင်မှာ ပဲ ရှီးပိုင်ဟာ အရင်တိုင်း ပြန်ပြီး နွေး ထွေးလာတယ်။ နောက်တော့ ရှီးပိုင်ဟာ မျက်ရည်တွေ ကျလာတော့တ ယ်။ အဲဒါကို မြင်တော့ ပင်းရှီ ခပ်တိုးတိုး ပြောတယ်။

'သူ ချွေးထွက်လာပြန်ပြီ'

ဟု န်လျှန်က လှုပ်ရှားနေသမျှကို တန့်ခနဲ ရပ်သွားပြီး ပင်းရှီကို လှမ်းကြည့်လာတယ်။ မျက်ရည်နဲ့ ချွေးနဲ့ ကိုတောင် မခွဲခြားနိုင်တဲ့ ပင်း ရှီကို စကားတစ်ခုခု ပြောဖို့ ဟု န်လျှန် တွေဝေနေရပြီ။ ပြောလည်း နား လည်မှာ မဟုတ်ဘူး ဆိုတာ ဟု န်လျှန် သေချာကို သိနေတာ။ ဒါပေမဲ့ ပြောသင့်တာကို ပြောမှ ဖြစ်မယ် ဆိုတဲ့ စိတ်နဲ့ စကားပြောတယ်။

'ပင်းရှီ သူက မျက်ရည်ကျနေတာ ချွေးထွက်တာ မဟုတ်ဘူး '

'မျက်ရည်'

ပင်းရှီဟာ မငိုဖူးဘူး။ အဲဒါကြောင့် မျက်ရည်အပါအဝင် တခြား သော လူသားနဲ့ သက်ဆိုင်တဲ့ အရာတွေကို မသိဘူး။ လူသားနဲ့ လည်း အပေါင်းသင်း မလုပ်ဖူးတော့ သူဟာ မျက်ရည် ဘာကြောင့်ကျတယ် ဆို တာကို မသိဘူး။ ပင်းရှီရဲ့ အတွေးတွေဟာ ခပ်တည်တည်နဲ့ လွဲချော်နေ တယ်။

'အိမ်မွေးတိရစ္ဆာန်တွေဟာ အစားစားရင်း မျက်ရည်ကျတာလား'

ပင်းရှီရဲ့ အမေးကို ဟု န်လျန်ဟာ ပြန်ဖြေဖို့ တွေဝေနေပြီ။ ဟု န်လျန် သူ့အရှေ့နားက အခုလေးတင် ကုသပေးထားလို့ အသက်ပြန်ရှူလာတဲ့ လူသားငယ်လေးကို သေလူလိုသာ ကြည့်လိုက်တော့တယ်။ ဒီလူသားကို ပင်းရှီဟာ ဆက်ပြီး မွေးဖို့ ကြိုးစားရင် သိပ်မကြာတဲ့ အချိန်မှာ ပဲ ဒီလူ သားလေးက သေတော့မှာ ဆိုတာ သေချာတယ်။

‘ မဟုတ်ဘူး နာကျင်ရင် ဝမ်းနည်းရင် မျက်ရည်ကျတယ်’

‘အဲဒါဆို သူက ဘာလို့ နာကျင်ပြီး ဝမ်းနည်းတာလဲ’

ပင်းရှီဟာ သူ့ရဲ့ အိမ်မွေးလူသားလေးကို သူ မွေးဖို့ ကြိုးစားတာ ဒုတိ ယရက်မှာ ပဲ သူ သတ်မိတော့မလို ဖြစ်တာကို သိပ်ပြီး စိတ်မကောင်း ဖြ စ်တယ်။ အဲဒါကြောင့် အိမ်မွေးတိရစ္ဆာန်မွေးခြင်းကို အထူးတလည် လေ့ လာဖို့ သူဆုံးဖြတ်လိုက်တယ်။ အခုချိန်မှာ သူ့ကို သူ့ထက် စွမ်းအားနိမ့် တဲ့ နတ်တောင်မှ အဲဒါနဲ့ ပတ်သက်ပြီး ဆရာလုပ်နိုင်တယ်။ ဆိုလိုတာက သူ ခွင့်ပြုပေးမယ်။ အဓိကက သူ့ရဲ့ အိမ်မွေးလူသားလေး မသေဆုံးဖို့ က ပိုပြီး အရေးကြီးတယ်။

‘ပင်းရှီ မင်းသူ့ကို မွေးထားဖို့ လက်မလျှော့တော့ဘူးလား’

‘ဟု န်လျန်နတ်မင်း ကျွန်တော့်ကို ကယ်ပါ’

သူ့ရဲ့ အိမ်မွေးလူသားလေးဟာ မျက်လုံးတွေ ပွင့်လာတာနဲ့ ဟု န်လျ န်ကို ကပ်ပြီး အကူညီ တောင်းနေတယ်။ ဟု န်လျန်ဟာ သူ့ကို စိတ်ပျက် လက်ပျက် မျက်နှာနဲ့ ကြည့်နေတာ မရပ်ဘူး။ ဒီပုံစံ ဒီမြင်ကွင်းဟာ သူ့ ကို စိတ်အနှောင့်အယှက် ဖြစ်စေတယ်။ ဟု န်လျန်ကို အကူညီတောင်း တာက ပြည့်မှာ မဟုတ်မှန်း ဒီလူသားက နားမလည်ပြန်ဘူး။ လူသား တွေရဲ့ ဉာဏ်ရည်က ဘာလို့ ဒီလောက်တောင် နိမ့်ပါးရတာလဲ။ ဟု န်လျ န်က သူ့ကို တားနိုင်မယ်လို့ ဒီလူသားလေး တွေးတာကို သူ မနှစ်သက်

ဘူး။

ပင်းရှိ ချက်ချင်းပဲ လူသားလေးကို ပြန်ပြီး ပွေ့ချီလိုက်တယ်။ အဲ့လူသားလေးဟာ ပင်းရှိ လက်ထဲမှာ တစ်ကိုယ်လုံး တုန်နေတယ်။ ပြီးတော့ မျက်ရည် ဆိုတာတွေလည်း ကျဆင်းနေတယ်။ ဟု န်လျန်က ပင်းရှိ လက်မလျှော့နိုင် ဖြစ်နေတာကို စိတ်ညစ်တဲ့ မျက်နှာထားနဲ့ ပြောလာတယ်။

'မင်း သူ့ကို ချီးရှိရဲ့ နည်းလမ်းတွေ အတိုင်း မွေးလို့ မရဘူး ချီးရှိ မွေးထားတာက တောထဲက တကယ့် တိရစ္ဆာန်တွေ သူကလူသား သူ့ကို လူသားတွေလိုပဲ ဆက်ဆံရမှာ စကားပြောလို့ ရတယ် သူဖြစ်နေတာကို မေးလို့ ရတယ် မင်းလုပ်ချင်တာ လုပ်မနေနဲ့ ပင်းရှိ နောက်တစ်ကြိမ်ဆို ငါ သူ့ကို မကယ်ပေးတော့ဘူး'

'ငါသိပြီ ငါပြန်တော့မယ်'

ပင်းရှိ ညမှောင်ခါနီးမို့ အိမ်တော်ကို ပြန်ဖို့ ပြင်လိုက်တယ်။ ဒါပေမဲ့ ချီးရှိဟာ ကျယ်လောင်စွာ ရယ်မောပြီးတော့မှ ဝင်ရောက်လာတယ်။

'ဟား ဟား ဟား ပင်းရှိ မင်း အဆင်ပြေပ့ါမလားလို့ ငါစိတ်ပူနေတာ ဒီမှာ ငါကိုယ်တိုင် ရှာထားပေးတဲ့ နည်းလမ်းတွေ ဒီနည်းလမ်းတွေက ပထမစာအုပ်ထက် ပိုကောင်းတယ်'

ပင်းရှိဟာ ချီးရှိကို မယုံသင်္ကာတော့ဘူး။ ဒါပေမဲ့ ချီးရှိ လက်ထဲက စာအုပ်ကို လှမ်းယူလိုက်တယ်။ ပထမဆုံး စာကြောင်းမှာ ပဲ ပင်းရှိရဲ့ ပြုံးခဲ့တဲ့ နှုတ်ခမ်းစွန်းတွေဟာ ကော့တက်လာတယ်။

'ဒီစာကြောင်းအတိုင်း လိုက်လုပ်ဖို့ လိုပြီ ညရောက်နေပြီ ငါက သူ့ကို ထွေးဖက်ပြီး အိပ်ရမှာ ဟုတ်တယ် မဟုတ်လား'

ချီးရှီထံမှ မထိန်းနိုင်ပဲနှင့် ရယ်သံကို ပင်းရှီ ကြားလိုက်ရတယ်။ ဒါပေမဲ့ ချီးရှီရဲ့ ရှုးကြောင်ကြောင် ရယ်မောမှုကို သူ ဗွေမယူတော့ဘူး။ ဒီတစ်ကြိမ် ယူလာတဲ့ စာအုပ်ထဲမှာ ကောင်းမွန်တဲ့ နည်းလမ်းတွေချည်းပဲ ရေးသားထားတာမို့၊ ဟု န်လျန်က ပင်းရှီရှေ့ကို ရောက် လာပြီးမှ မျက်မှောင်ကုတ်ရင်း တစ်ခုပြောတယ်။

'ဒီလူသားက ဝမ်းအနည်းလွန်ပြီး မသေစေချင်ရင် သူ့ကိစ္စတစ်ခုကို မင်း ဖြေရှင်းပေးလိုက်ပါ'

'ဘာကိစ္စလဲ'

တကယ်ဆို ကိစ္စတွေ ရှုပ်ထွေးနေတာကို ပင်းရှီ မနှစ်သက်ဘူး။ ဒါပေမဲ့ သူ့ရဲ့ လူသားလေးဆီကနေ မျက်ရည်တွေကို မြင်ရတာဟာ သူ့စိတ်တွေကို မငြိမ်းချမ်းစေချင်ဘူး။ အမှန်ပြောရရင် ပထမဆုံး တွေ့ကြတဲ့ တစ်ခါကလို ပြုံးလိုက်တာကို ပင်းရှီ ပြန်မြင်ချင်တယ်။ ဟု န်လျန်ရဲ့ အိမ်တော်ကနေ ထွက်လာတော့ ညမိုးချုပ်နေပြီ။ ဒါပေမဲ့ လုပ်စရာ ရှိတယ်ဆိုတာကို ပင်းရှီ ချက်ချင်းပဲ အမြန်ပြီးပြတ် စေချင်တယ်။

အဲဒါကြောင့် လူသားလေးကို ချီပွေ့ထားတဲ့ ဆီကနေ ခေါင်းငုံ့ပြီး မေးလိုက်တယ်။

'မင်း ဘာဖြစ်ချင်တာလဲ'

ရှီးပိုင်ဟာ အမှန်ပြောရရင် ဒီရေခဲနတ်မင်းကို ကြောက်ရွံ့နေတာ။ ရှီးပိုင်အရှေ့မှာ တင် မိစ္ဆာကိုးဦးကို လက်တစ်ချက် ဝှေ့ယမ်းလိုက်ရုံနဲ့ သတ်နိုင်တယ် ဆိုကတည်း သေမတတ် လန့်ဖျပ်နေမိတာ။ အနားတိုးလာတိုင်း လန့်တယ်။ ဘယ်အချိန် အဲ့လက်ဖြူဖြူလေးတွေ ဆီကနေ သူ့အသက်ကို နုတ်ယူလိုက်မလဲ ဆိုတာကို ရှီးပိုင်မသိနိုင်ဘူး။

မနက်တုန်းကလည်း ရှီးပိုင်ကို ခွေးလိုပဲ အစာကျွေးဖို့ ကြိုးစားတဲ့ နတ်မင်းကြောင့် ရှီးပိုင် ဝမ်းနည်းပြီး ငိုခဲ့ရတယ်။ ငိုနေတုန်းမှာ ပဲ တစ်ကိုယ်လုံး ကျဉ်ခဲသွားလို့ ကိုယ့်ကိုယ်ကိုယ် သေသွားပြီလို့ ထင်နေတာ။ ပြန်နိုးလာတော့ ဟု န်လျန် နတ်မင်းဟာ ရေခဲနတ်မင်းကို မျက်ရည်နဲ့ ချွေးနဲ့ အကြောင်းကို ရှင်းပြနေတယ်။

မျက်ရည်နဲ့ ချွေးကိုတောင် မခွဲနိုင်တဲ့ ဒီရေခဲနတ်မင်းဟာ ရှီးပိုင်ကို သူ့အိမ်တော်မှာ အိမ်မွေးတိရစ္ဆာန်လို မွေးထားချင်တယ် ဆိုတာဟာ ဆန်းကြယ်နေတယ်။ ပိုပြီး ဆန်းကြယ်တာက သူဟာ ရှီးပိုင်ကို ကလေးငယ်လေးလို ပွေ့ထားချင်နေတာပဲ။ ရှီးပိုင်က အသက်နှစ်ဆယ်ကျော်နေပြီ ဖြစ်တဲ့ ကောင်လေးတစ်ဦး၊ ဒါကို သူဟာ အချိန်တိုင်း ကလေးပွေ့သလို ပွေ့ထားချင်တယ်။

'ကျွန်တော့်ကို ဒီလိုမျိုး တစ်ချိန်လုံး ပွေ့ထားတော့မှာ လား'

မေးလိုက်တော့ အေးစက်ပြီး ခဲလုမတတ်ဖြစ်နေတဲ့ မျက်နှာလှလှလေးက အားမနာ လျှာမကျိုး ခေါင်းကို ဆတ်ခနဲ ညိတ်ပြတယ်။ ပြီးတော့ စကားတစ်ခွန်းကို အဆီအငေါ်မတည့်ပြောတယ်။

'ဟိုမှာ တွေ့လား ချီးရှီ သူလည်း သူ့ရဲ့ ကြွက်ရုပ်ဆိုးကို အဲ့လို ပွေ့ထားတာပဲ'

လက်ညှိုးဖြူဖြူလေး ညွှန်ပြရာကို ကြည့်လိုက်တော့ ရှီးပိုင် မျက်တောင်တွေတောင် ခဏခဏ ပြန်ခတ်လိုက်ရတယ်။ အမည်းရောင် အင်္ကျီ ဝတ်ထားတဲ့ ချီးရှီ ဆိုတဲ့ နတ်မင်းဟာ မြွေပါအဖြူလေးကို ပွေ့ပိုက်ထားတာ ဖြစ်တယ်။ ဒီရေခဲနတ်မင်းဟာ ကြွက်နဲ့ မြွေပါတောင် မခွဲတတ်ဘူးလား။

'မင်းပြော မပြောဘူးဆို ငါတို့ အိပ်သင့်ပြီ'

မျိုးနွယ်မတူဘူး ဆိုရင်တောင် ပွေ့ဖက်ပြီး အိပ်တယ် ဆိုတာ လုံးဝ ကို အဓိပ္ပာယ် မရှိတာပဲ၊ အတွေးထဲမှာ တွေးမိသော်လည်း ရှီးပိုင် ထုတ် မပြောရဲဘူး။ မနက်တုန်းက တစ်ကိုယ်လုံး အေးခဲသွားတဲ့ ဒဏ်ကို ရှီး ပိုင် ကောင်းကောင်း မှတ်မိနေတယ်။ သွေးကြောတွေထဲက အရိုးတွေထဲ ကတောင် နာလွန်းလို့ သေမတတ်ပဲ။

'ကျွန်တော့် အမေကို ပြန်ရှာချင်တယ်'

'ကောင်းပြီ ငါ ရှာပေးမယ်'

ပင်းရှီဟာ ရှီးပိုင်ကို ပွေ့ချီထားရင်းကနေ အရင်နေ့တုန်းက သွားခဲ့ တဲ့ နေရာကို ရောက်လာတယ်။ အဲ့နေရာကို ရောက်လာတော့ အဲ့နား လေး မှာ အရင်နေ့က သေသွားတဲ့ သူတွေကို လိုက်ရှာနေဟန်တူတဲ့ သက်ရှိတစ်စုကို တွေ့ရတယ်။ ပင်းရှီ အဲ့နားကို ရောက်သွားတာနဲ့ အဲ့မိ စ္ဆာတွေဟာ ပင်းရှီကို ထိတ်လန့်စွာပဲ ကြည့်နေကြတယ်။ ပင်းရှီကတော့ သက်သောင့်သက်သာနဲ့ ပန်းလမ်းကို လျှောက်နေသလိုမျိုး အတွေးနဲ့ အရှေ့ကို လေပေါ်မှာ တင် လျှောက်လာတယ်။

တွင်းအကျယ်ကြီး တစ်တွင်းအပေါ်မှာ ပင်းရှီဟာ ရပ်တန့်သွားတယ် ။ ပြီးတော့ လက်ချောင်းဖြူဖြူလေးတွေ ဆီကနေ ရေခဲမှုန်လေးတွေ ပွင့် ထွက် လာပြီး အဲ့တွင်းထဲကနေ တစ်ခုခုကို မတင်လိုက်တယ်။ ရှီးပိုင်လှ ည့်ကြည့်လိုက်တော့ လူအရိုးခေါင်းတစ်ခုကို ပင်းရှီက ဆွဲယူနေတာ ဖြစ် တယ်။ နောက်တော့ အဲ့လူအရိုးခေါင်းတစ်ခုနဲ့ ခြေရိုးလက်ရိုးတွေ အစုံ အလင်ကို မြေပြင်ပေါ်ကို ချပေးတယ်။ ပင်းရှီ စီရင်လိုက်တဲ့ လူပုံစံ အရိုး စုကို လက်ညှိုးထိုးပြတယ်။ ပြီးတော့ ခပ်အေးအေး လေသံနဲ့ ပြောတယ် ။

'တော်သေးတယ် ငါ မင်းအမေကို ရှာတွေ့နိုင်လို့ ဟိုနေ့က ပြောသွား

တာ မမှားဘူး သူမကို စားပစ်လိုက်ကြတာပဲ သူမက သေဆုံးတာ ဆယ် ရက်ကျော်ပြီ သူမကို အရှင်အတိုင်းပဲ အသားတွေ ဖဲ့ပြီး စားလိုက်ကြတာ ’

ပင်းရှီရဲ့ စကားအခွန်းတိုင်းက ရှီးပိုင်ကို သတ်နေသလိုပဲ။ ပင်းရှီဟာ အတိအကျကို ပြောပြနေတာ။ ပထမဆုံး စားလိုက်တာက မျက်လုံး ဆို တာကိုပါ ပြောလိုက်သေးတယ်။ ရှီးပိုင်ဟာ သနားစဖွယ် စပြီး ငိုကြွေး တော့တယ်။

‘အမေ!! သား အသုံးမကျတာပါ အမေ!’

ရှီးပိုင်ရဲ့ ငိုသံကို ကြားမှ ပင်းရှီဟာ သူတစ်ခုခုတော့ လွဲနေပြီလို့ ခံ စားမိလာတယ်။ သူဟာ မိခင် ဆုံးရှုံးဖူးတဲ့ ဒဏ်ကို မခံစားဖူးဘူး။ အဲဒါ က ဘယ်လောက်ထိ ဝမ်းနည်းဖို့ ကောင်းမှန်းလည်း ပင်းရှီ နားမလည် ဘူး။ ရှီးပိုင်ဟာ ငိုကြွေးနေတုန်းပဲ။ ရှီးပိုင် ငိုနေတာကို ကြည့်နေရတာ ပ င်းရှီရဲ့ စိတ်ကို မသက်မသာ ဖြစ်စေတယ်။

ရှီးပိုင်ဟာ အဲ့မှာ ပဲ တစ်ညလုံး ငိုကြွေးနေတာမို့ ပင်းရှီရဲ့ ပထမဆုံး ချစ်လှစွာသော အိမ်မွေးလူသားလေးနဲ့ အတူတူ အိပ်ဖို့ ကလည်း ပျောက် ကွယ် သွားရပြီ။ နောက်တော့ ပင်းရှီက ငိုကြွေးနေဆဲ လူသားလေးကို ပြ န်ပြီး ပွေ့ယူလိုက်တယ်။ အရိုးစုကို လက်နဲ့ ဖွေ့ယမ်းလိုက်ပြီးမှ အသား တွေနဲ့ ပြန်ပြီး ပြည့်တင်းစေလိုက်တယ်။

ပင်းရှီဟာ ဘယ်လောက်ပဲ စွမ်းအား ကြီးမားတဲ့ နတ်ဖြစ်နေပါစေ သေပြီးတဲ့ သူကို ပြန်ပြီးတော့ အသက်မသွင်းပေးနိုင်ဘူး။ တခြားသော လောကတွေနဲ့ ရှုပ်ထွေးမှုကို မလိုလားဘူး။ ဒါဟာ ပင်းရှီ ကိုယ်တိုင် သတ်မှတ်ထားတဲ့ စည်းမျဉ်းပဲ။ ရှီးပိုင်ဟာ ပင်းရှီရဲ့ လက်ထဲမှာ လိမ္မာတဲ့ ကလေးလိုပဲ ငြိမ်သက်နေတယ်။

ပင်းရှိ အဲ့သေပြီးတဲ့ သက်ရှိကိုပါ ခေါ်ပြီးတော့ အိမ်တော်ကို ပြန်လာတယ်။ အိမ်တော်ကို ပြန် လာပြီးတာနဲ့ မိုးဟာ လင်းတော့မလိုတောင် ဖြစ်သွားပြီ။ ပင်းရှိ ထင်းရှူးပင် တစ်ပင်ကို လှဲချလိုက်ပြီးမှ အပိုင်းပိုင်း ဖြတ်တောက် ပစ်လိုက်တယ်။ နောက်တော့ သေပြီးတဲ့ သက်ရှိကို တင်ပေးလိုက်တယ်။ ရှီးပိုင်က အစအဆုံး ပင်းရှိ လုပ်နေသမျှကို လိုက်ကြည့်နေတယ်။

ပင်းရှိက ရှီးပိုင်ရဲ့ ခါးစည်းကြိုးမှာ ချိတ်ထားတဲ့ မီးတစ်စကို ထုတ်ယူလိုက်ပြီးမှ ပြန်ပြီး ပိတ်ပေးလိုက်တယ်။ အဲ့မီးတစ်စကို စိုစွတ်နေတဲ့ ထင်းရှူးပင်ပိုင်းတွေပေါ် တင်ပေးလိုက်တော့ မီးတောက်ဟာ လျှင်မြန်စွာပဲ သေပြီးတဲ့ လူကို ဝါးမျိုသွားတယ်။

ရှီးပိုင်ဟာ အလွန်အမင်း ဝမ်းနည်းပြီး ငိုကြွေးနေတယ်။ ငိုနေရလွန်းလို့ နောက်ဆုံးမှာ ရှီးပိုင်ဟာ အသံတောင် မထွက်နိုင်တော့ဘူး။ ပင်းရှိ ငိုနေတဲ့ လူသားကို ချလိုက်တယ်။ ပြီးတော့ မျက်ရည်စတွေကို အသာအယာ တို့သုတ်ပေးတယ်။ ပြီးတော့ မေးတယ်။

ပင်းရှိဟာ တစ်ခါမှ မငိုဘူးတော့ ငိုနေရင်းနဲ့ ရင်နာရတာကို မသိဘူး။ ဒါမှ မဟုတ် သူငိုဖူးတာကို သူ မမှတ်မိတော့တာလားလို့ တွေးမိနေတယ်။ ဒါပေမဲ့ ဒီလူသားလေး ဆက်တိုက် မရပ်မနား ငိုနေတာကို သူ မကြည့်ချင်တောင်မှ မြင်နေရတာဟာ သူ့စိတ်တွေကို နေရခက်စေတယ်။

‘မင်း ဘာလို့ ဒီလောက် ငိုနေရတာလဲ’

ရှီးပိုင်ဟာ ဒီမေးခွန်းအတွက် အဖြေကို တွေးနေရတယ်။ အမှားဖြေလိုက်လို့ မဖြစ်ဘူး။ သူဟာ ပင်းရှိက အရမ်းဆိုးဝါးတဲ့ နတ်မင်း မဟုတ်မှန်း ဒီတစ်ညတည်းနဲ့ နားလည်ပြီးပေမဲ့ ပင်းရှိဟာ သူ့အတွက် မူမမှန်တဲ့ နတ်ဖြစ်နေတုန်းပဲ။ အချိန်မရွေး ပြောင်းလဲ သွားနိုင်တဲ့ ပင်းရှိရဲ့

စိတ်ကို သူ ကြိုဖူးတယ်။ ဒါနဲ့ ပဲ သူ့စိတ်ထဲမှာ ရှိတာကို ပြောပြလိုက်တယ်။

'ငါ့အမေ မရှိတော့ဘူး'

'မင်းတို့ တွေက သေမျိုးတွေပဲ အခုမသေလည်း နောက်ကျသေမှာ ပဲ မဟုတ်လား ဘာလို့ ဒီလောက်ဝမ်းနည်းဖို့ လိုနေတာလဲ'

ပင်းရှီဟာ ရှီးပိုင်ကို နှစ်သိမ့်ဖို့ ကြိုးစားလိုက်တယ်။ ဒါပေမဲ့ သူ့ရဲ့ နှစ်သိမ့်စကားတွေက ဘယ်လောက် ဆိုးဝါးတဲ့ အဓိပ္ပာယ်လဲ ဆိုတာကို ပင်းရှီ မသိလိုက်ဘူး။

ခုနတည်းက ပင်းရှီ သုတ်ပေးလိုက်လို့ ခြောက်သွေ့စ ပြုလာတဲ့ ရှီးပိုင်ရဲ့ မျက်ဝန်းညိုထဲမှာ မျက်ရည်တွေ ပြန်ပြီး ပြည့်လာကာ ပါးပြင်ကို ပြန်ပြီး စီးကျလာတော့တယ်။ အမေက မရှိတော့ဘူး။ သေဆုံးသွားပြီ။ အမေနဲ့ မတွေ့ရတော့ဘူး ဆိုတဲ့ အတွေးတွေနဲ့ နာကျင်နေတဲ့ စိတ်စာ စာနာစိတ်မရှိတဲ့ ပင်းရှီရဲ့ စကားတွေကြောင့် ပိုလို့ ပင် နာကျင်ရတယ်။

ပင်းရှီဟာ သူ့ရဲ့ လူသားလေး ပြန်ငိုသွားတာကို ပုလဲရောင် မျက်ဝန်းတွေနဲ့ မပြတ်တမ်း လိုက်ကြည့်နေတယ်။ ဘာလို့ ငိုသွားလဲ ဆိုတာကို သူ့ရဲ့ နည်းပါးတဲ့ မှတ်ဉာဏ်နဲ့ တွေးတောနေတယ်။ နောက်ဆုံးမှာ ပင်းရှီဟာ ရှီးပိုင်ငိုနေတဲ့ အနားကို တိုးလာတယ်။

ရှီးပိုင်ရဲ့ ဦးခေါင်းလေးကို အသာလေး ပိုက်ထွေးလိုက်တယ်။ ရှီးပိုင်ရဲ့ မေးဖျားလေးကို သူ့ပခုံးမှာ တင်ထားစေတယ်။ ပြီးတော့ ဦးခေါင်းကနေ ဆင်းကျနေတဲ့ ဆံနွယ်လေးတွေကို အသာလေး ပွတ်ပေးနေတယ်။ အရမ်းကို နူးညံ့တဲ့ အပြုအမူလေးကို ပြုလုပ်နေပေမဲ့ ပင်းရှီရဲ့ မျက်နှာဟာ အေးခဲနေဆဲပဲ။

ပြောရရင် အပြုအမူတွေဟာ တခြားဆီကနေ ပင်းရှီဟာ အတုယူလို့ ရမယ်။ သူ့မျက်နှာကတော့ အမြဲတမ်း ပြောင်းလဲလေ့ မရှိဘူး။ ဒါက အားသာချက်လား အားနည်းချက်လား ဆိုတာကိုလည်း ပင်းရှီ မသိချင်ဘူး။ အခုလည်း အဲ့လိုပဲ။ စစ်ပွဲတွေမှာ သေတဲ့ သက်ရှိတွေ အတွက် ပူဆွေးသူတွေကို နှစ်သိမ့်တာ သူမြင်ဖူးတယ်။ အဲဒါကို သူလိုက်ပြီး အတုခိုးလိုက်တာ။

ဒီနည်းလမ်းဟာ ထိရောက်တယ်။ သူ့ရဲ့ အိမ်မွေးလူသားဟာ အငိုတိတ်သွားတယ်။ ဒါပေမဲ့ ရှီးပိုင်ရဲ့ ဝမ်းနည်းစိတ်ဟာ အလုံးစုံ မပျောက်သေးဘူး။ ရှီးပိုင်က ခပ်တိုးတိုး တိုင်တည်ရင်း ရေရွတ်ပြောဆိုတယ်။

'အမေ မရှိတော့ဘူး'

ရှီးပိုင်ရဲ့ မျက်နှာပေါ်က မျက်ရည်တွေကို အေးစက်နေတဲ့ လက်နဲ့ သုတ်ပေးလိုက်ပြီး ရှီးပိုင်ကို ပွေ့ချီလိုက်တယ်။ နောက်တော့ ပင်းရှီဟာ အသုံးဝင်တဲ့ ဖြေသိမ့်စကားကို ဆိုလိုက်တယ်။

'သူမ မရှိတော့ဘူး ဒါပေမဲ့ မင်းမှာ ငါ ပင်းရှီ ရှိတယ်'

ဒီစကားလေးဟာ ရှီးပိုင်ရဲ့ ရင်ထဲထိ တိုးဝင်သွားတယ်။ နောက်တော့ ရှီးပိုင်ရဲ့ ငိုသံဟာ တိတ်သွားတယ်။ ရှီးပိုင်ရဲ့ ငိုသံ တိတ်သွားတာနဲ့ ပင်းရှီဟာ မီးရဲ့ အကြွင်းအကျန်တွေ အားလုံးကို နှင်းထုထဲကို မြှုပ်နှံလိုက်တော့တယ်။ ပြီးတော့ ရှီးပိုင်ကို အသာလေး ပွေ့ယူလိုက်တယ်။ နောက်တော့ စကားတစ်ခွန်းကို အေးအေးဆေးဆေး ပြောတယ်။

'မင်းငိုတာက ရုပ်ဆိုးတယ် မင်း ချီးရှီရဲ့ ကြွက်ရုပ်ဆိုးလို မဖြစ်ချင်ရင် နောက်ကျရင် မငိုနဲ့ '

ရှီးပိုင်ရဲ့ မျက်စိထဲမှာ ချီးရှီ နတ်မင်းရဲ့ ကတုံးဖြစ်သွားတဲ့ မြွေပါလေး

ကို မြင်ယောင် လိုက်မိတယ်။ အဲ့မြွေပါဖြူလေးကို ကတုံးဖြစ်အောင်လို့ ပင်းရှီနတ်မင်းက လုပ်လိုက်တာလား။ ရှီးပိုင်ဟာ သူ့ဆံပင်တွေကို ယောင်ယမ်းပြီး ကိုင်လိုက်မိတယ်။

ပင်းရှီက စာအုပ်လိပ်ကို ထုတ်ပြီး ဖြန့်ကြည့်တယ်။ ပြီးတော့ ကျေနပ်စွာ ပြုံးတယ်။ ရှီးပိုင် ပင်းရှီ ပြုံးလိုက်တာကို မော့ငေးနေမိတယ် ။ ပင်းရှီဟာ နှုတ်ခမ်းလေးတွေ ကော့နေအောင် ပြုံးတာ သိပ်ပြီး ကြည့်ကောင်းတယ်။

'ငါတို့ အတူတူ အစားစားဖို့ အချိန်ရောက်ပြီ'

*****